# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ဝမ်းမြောက်ခြင်းတရား

လူမိုက်တို့သည် စေးနှဲဝန်တို၍ သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်းမရှိကုန်။ ထို့ကြောင့် ဒုဂ္ဂတိဘဝသို့ ရောက်ရ၏။ ပညာရှိတို့ကား သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်းရှိကုန်၍ တမလွန်ဘဝ၌ ချမ်းသာရ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစရိယတရားလေးပါးတို့တွင် ဝမ်းမြောက်ခြင်းဟူသောတရားသည် ချမ်းသာခြင်းကို ဆောင်၏။

လောကဝင်(ဓမ္မပဒ-၁၇၇)





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# နိုင်ငံတကာမှ ကူညီထောက်ပံ့လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေများကို ခွဲဝေလျာထား အသုံးပြုရာတွင် ဦးစားပေးကဏ္ဍကြီး ၄ ရပ် သတ်မှတ်ဆောင်ရွက်ရန် သဘောတူဆုံးဖြတ်

နေပြည်တော် ဒီဇင်ဘာ ၂၀

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Joint Coordinating Body for Peace Process Funding-JCB) ဖွဲ့စည်းရေးဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။**

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် နိုင်ငံတကာမှ ကူညီထောက်ပံ့လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေများ ခွဲဝေလျာထားအသုံးပြုရာတွင် ဦးစားပေးကဏ္ဍကြီး ၄ ရပ် ထားရှိရေး သဘောတူဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာ အလှူရှင်များက ကူညီထောက်ပံ့လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ရန်ပုံငွေများနှင့်ပတ်သက်၍ ကန့်သတ်ထိန်းချုပ်ခြင်းမဟုတ်ကြောင်း၊ များပြားလှသော အဖွဲ့အစည်းများအကြား ထောက်ပံ့ကူညီမှုရရှိနိုင်သည့်အခြေအနေ ကွာခြားချက်ကြောင့် မညီမျှမှုများစွာ ရှိနေကြောင်း၊ JCB အနေဖြင့် စီမံကိန်းများကို မျှမျှတတနှင့် ထိထိရောက်ရောက် ဖြစ်စေရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင်လည်း အလှူရှင်ဘက်က ထောက်ပံ့ကူညီလိုသည့် စီမံကိန်းများမဖြစ်စေဘဲ လက်တွေ့အခြေအနေ ပကတိ လိုအပ်ချက်များကို အခြေခံစဉ်းစားသုံးသပ်ပြီး အလှူရှင်များဘက်က လိုအပ်သည့် အလှူငွေများ ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုသော စီမံကိန်းများကို အလေးထားဆောင်ရွက်နိုင်ရေး ဤအဖွဲ့က တာဝန်ယူညှိနှိုင်းပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



## ပိုလန်သမ္မတနိုင်ငံအစိုးရထံမှ ယူရိုသန်း ၅၀ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူ

ပြည်ထောင်စုလွှတ်တော် စာမျက်နှာ - ၅



## တိုင်းရေအတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် သဘာဝဘေးဒဏ် ကာကွယ်ပေးမည့် ရေငန်တားတာများ တည်ဆောက်ပြုပြင်

စာမျက်နှာ-၁၀



ကြေးမုံ

# ဖြစ်ပေါ်တိုးတက်အောင် မျှဝေကူညီ

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော ဆွေးနွေးပွဲတစ်ရပ်ကို ယမန်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ မိသားစုအသွင်ဖြင့် ပွင့်ပွင့်လင်းလင်း ရှင်းလင်းပြောကြားခဲ့သည်ကို တွေ့ရသည်။

အလွတ်သဘောဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အာဆီယံ၏စည်းလုံးညီညွတ်မှု မြှင့်တင်ရန်နှင့် အာဆီယံမိသားစုဝင်များအကြား ကွဲပြားခြားနားမှုများကို ခင်မင်ရင်းနှီးမှုဖြင့် ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းအဖြေရှာ ဆောင်ရွက်သွားရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ မောင်တောဒေသတွင်ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ဒေသခံလူ့အသိုင်းအဝိုင်းနှစ်ခုအကြား စိုးရိမ်ပူပန်မှုများနှင့် ထိခိုက်နစ်နာမှုများရှိခဲ့သည်။ ထိုအခြေအနေကို အကြောင်းပြု၍ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ခေါင်းဆောင်တစ်ဦးက မဟုတ်မမှန် မလျော်မကန်စွပ်စွဲပြောဆိုမှုရှိခဲ့ရာ အာဆီယံမိသားစုဝင်များအကြား ကွဲပြားခြားနားမှုကို ဖြစ်စေခဲ့သည်။

သို့ဖြစ်၍ ယခုကဲ့သို့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောတွေ့ဆုံပြီး စည်းလုံးညီညွတ်မှုပိုမိုတိုးတက်ခိုင်မာစေရန် ခင်မင်ရင်းနှီးစွာဖြင့် ငြိမ်းချမ်းစွာညှိနှိုင်းအဖြေရှာနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ မှန်ကန်သည့် စိတ်ရင်းစေတနာမှန်ကို ဖော်ညွှန်းပြသလိုက်ခြင်းပင်ဖြစ်သည်။

ရခိုင်ပြည်နယ်ကဲ့သို့ ခက်ခဲနက်နဲသိမ်မွေ့သည့်ပြဿနာများကို ဖြေရှင်းဆောင်ရွက်သွားရန် မြန်မာနိုင်ငံအစိုးရအနေဖြင့် လေးနက်စွာ သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။ မြန်မာနိုင်ငံအစိုးရက ဖြစ်ပေါ်လာသောပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် ရလဒ်ကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ခွင့်နှင့် အချိန်အတိုင်းအတာတစ်ခုလိုအပ်မှုကိုလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွေးနွေးပွဲတွင် ထပ်လောင်းပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် စိန်ခေါ်မှုများကိုဖြေရှင်းရန် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အာဆီယံနိုင်ငံများက ကြိုဆိုခဲ့ကြခြင်းသည် အာဆီယံမိသားစုနှင့် အာဆီယံအသိုက်အဝန်းစိတ်ဓာတ်ဖြင့် အမှန်တရားကို ပြန်လည် တုံ့ပြန်ပြသနိုင်ခဲ့သည်ဟုဆိုရမည်ဖြစ်သည်။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအကြား သဟဇာတရှိစွာဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ အရပ်သားပြည်သူများ၏ လူ့အခွင့်အရေးကို ကာကွယ်ပေးရေးနှင့် ရခိုင်ပြည်နယ်၌ အားလုံးအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်ပေးရေးနည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့ကြသည့်အပြင် အာဆီယံနိုင်ငံများအနေဖြင့် လူသားချင်းစာနာမှုနှင့်ဖွံ့ဖြိုးရေးအကူအညီများ ပံ့ပိုးပေးရန် အသင့်ရှိကြောင်း ကြားသိရခဲ့ရာ အခြေအနေကောင်းများ ပိုမိုဖြစ်ထွန်းလာမည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း လိုအပ်သောလူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ရောက်ခွင့်ပြုရန်နှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မျှဝေအသိပေးရန်အသင့်ရှိကြောင်း ပြန်ကြားခဲ့သည်။ ရခိုင်ပြည်နယ်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများလိုအပ်နေပြီး မိတ်ဆွေနိုင်ငံများ၏ကူညီပံ့ပိုးမှုများ လိုအပ်နေသောအချိန်တွင် ယခုကဲ့သို့ မိတ်ဆွေကောင်းပီသသည့် အကူအညီများကို ရရှိလာခြင်းမှာ မှန်ကန်သောစေတနာ ရောင်ပြန်ဟပ်ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ မိသားစုစိတ်ဓာတ်ဖြင့် ဖြစ်ပေါ်လာသော အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်း ကျော်ဖြတ်ခြင်းသည် ပိုမိုတိုးတက်ကောင်းမွန်သော မြန်မာနိုင်ငံ၏အနာဂတ်ကို ပုံဖော်ထုဆစ်နိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်ပါသည်။ ။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြဝတီမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီက မြဝတီမြို့ရှိ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၁)သို့ ရောက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက တံတားအမှတ် (၁)မှ နေ့စဉ် လူဝင်/လူထွက်မှု အခြေအနေ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လူဝင်/လူထွက်ဂိတ်နှင့် ဌာနဆိုင်ရာများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြဝတီမြို့ ထိုင်း-မြန်မာချစ်ကြည်ရေး တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားတည်ဆောက်ရေး အင်ဂျင်နီယာမှူး ဦးစောကျော်ဝင်းက ရှင်းလင်းတင်ပြရာတွင် အဆိုပါတံတားသည် ယာဉ်သွားလမ်းလေးလမ်းပါရှိ၍ တံတားအရှည် မီတာ ၇၆၀ ရှိပြီး ၂၀၁၉ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံဘက်ခြမ်းမှ တံတားတည်ဆောက်မှု အင်ဂျင်နီယာမှူး မစ္စတာဆူလာချိုင်းအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ (OSS) အဖွဲ့ဝင်ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံကာ အမှာစကားပြောကြားရာတွင် (OSS) ဝန်ထမ်းများသည် ဌာနအလိုက် လုပ်ထုံးလုပ်နည်းများမတူညီကြသော်လည်း ပြည်သူကို အလုပ်အကျွေးပြုသည့် ဝန်ထမ်းများဖြစ်သည့်အပြင် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ကာ လုပ်ငန်းများ မြန်ဆန်သွက်လက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆိုင်ရာ အချက်အလက်များကိုလည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သိရှိအောင် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ကရင်ပြည်နယ် စီမံကိန်းဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးရန်နိုင်ထွန်းနှင့် ဌာနဆိုင်ရာများက မိမိတို့လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား အသီးသီးရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြဝတီမြို့ အာရှလမ်းမကြီးရှိ သောင်းရင်းခန်းမ၌ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များအား တွေ့ဆုံကာ အမှာစကားပြောကြားရာတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်မှုဖြေလျှော့ပေးရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုပညာပေးရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဟူသော မဏ္ဍိုင်ကြီး (၆) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှနေ၍ တရားမဝင် ကုန်သွယ်မှုများကိုလည်း သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြဝတီဒေသသည် East-West Economic Corridor ပေါ်တွင် တည်ရှိနေခြင်းကြောင့် စီးပွားရေးအလားအလာကောင်းများရှိပြီး သီလဝါစီးပွားရေးဇုန် ဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်သွယ်မှုထိန်းကျောင်းနိုင်ရန်အတွက် Dry Port များတည်ဆောက်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးတံတားအမှတ် (၂) တည်ဆောက်ပြီးစီးပါက ကုန်သွယ်မှုပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ထားပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် ဌာနဆိုင်ရာများက ကုန်သွယ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ကုန်သည်လုပ်ငန်းရှင်များက ကုန်သွယ်မှုပြုရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား တင်ပြကြသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြန်လည်ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ လျင်မြန်စွာပြောင်းလဲနိုင်ရေး လယ်ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာ သရုပ်ပြရှင်းလင်း

**ဖြူး ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်း၏ စိုက်ကွင်းအတွင်း၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲက ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော Daedong လယ်ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာများအား သရုပ်ပြရှင်းလင်းပွဲ ကျင်းပခဲ့သည်။

လယ်ထွန်စက်နှင့်လယ်ယာသုံး စက်ကိရိယာများ သရုပ်ပြရှင်းလင်းပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ကိုရီးယားနိုင်ငံ Daedong Industy ကုမ္ပဏီလီမိတက်မှ Mr.Babby Gung မြန်မာနိုင်ငံတာဝန်ခံက လယ်ယာသုံးစက်ကိရိယာများနှင့်ပတ်သက်၍ လက်တွေ့သရုပ်ပြရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လယ်ယာသုံးစက်များအား စက်နှိုးမောင်းနှင်၍ လယ်ကွင်းအတွင်း လက်တွေ့ရှင်းလင်း ပြသကြသည်။ လယ်ယာသုံးစက်ကိရိယာ လက်တွေ့သရုပ်ပြသပွဲသို့ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၈ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူလယ်သမားများနှင့် ဖြူးမြို့နယ်မှ တာဝန်ရှိသူများ ၆၃၂ ဦး တက်ရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မြင့်ဦး(ဖြူး)**

## ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် (ဖြူစင်သန့်ရှင်း)အဖွဲ့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)နေပြည်တော်ရှိ ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားသည့် "ဖြူစင်သန့်ရှင်း" သန့်ရှင်းရေး လုပ်အားဒါန ကုသိုလ်ပြုအဖွဲ့သည် နေပြည်တော်ရှိ ရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ စာသင်ကျောင်းများ၊ စေတီပုထိုးများအား အပတ်စဉ် သန့်ရှင်းရေးလုပ်အားဒါန ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက် နံနက် ၆ နာရီခွဲက (၃၉)ကြိမ်မြောက် သန့်ရှင်းရေး လုပ်အားဒါနအဖြစ် နေပြည်တော်ရှိ သဇင်ဆောင်ဝန်ထမ်းအိမ်ရာတွင် ဝန်ထမ်းအင်အား ၃၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုပေါက် (ဥတ္တာမြေ)**



**ဆင်းရဲခြင်းဘေး ကင်းလွတ်ဝေး**
**ပတ်ဝန်းကျင်ကို ထိန်းသိမ်းပေး**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁

## ❒ နိုင်ငံတကာမှ

ပထမဆုံးအနေဖြင့် လိုအပ်ချက်များအလိုက် ဦးစားပေးကဏ္ဍများ သတ်မှတ်နိုင်ရေးဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် လိုအပ်သော ကူညီထောက်ပံ့မှုများရရှိရေးရှာဖွေရန်ဖြစ်ကြောင်း၊ ထိုသို့ရှာဖွေရာတွင် နိုင်ငံတကာ ကူညီထောက်ပံ့မှုသာမက ပြည်တွင်းမှ အလှူရှင်များ ပါဝင်လာနိုင်ရေးကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နိုင်ငံတကာထောက်ပံ့ကူညီမှုများကို ပွင့်လင်းမြင်သာမှုရှိရှိ၊ အလေအလွင့်အနည်းဆုံးဖြစ်စေရေး၊ မလိုအပ်သော အပိုကုန်ကျမှု၊ အပိုသုံးစွဲမှုများမရှိစေရေး တာဝန်ယူမှု အပြည့်အဝဖြင့် ဆောင်ရွက်ရန်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) တာဝန်နှင့် ဝတ္တရားများနှင့် ဦးစားပေးကဏ္ဍများကို ဆွေးနွေးကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေခွဲဝေသုံးစွဲရန်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကဏ္ဍ(Ceasefire Sector)၊ စေ့စပ်ညှိနှိုင်းဆွေးနွေးရေးကဏ္ဍ (Negotiation and Dialogue Sector)၊ ငြိမ်းချမ်းရေးအထောက်အကူပြုဖွံ့ဖြိုးရေးကဏ္ဍ(Peace Supporting Development Sector) နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကဏ္ဍ (NRPC Sector)စသည်ဖြင့် ဦးစားပေးကဏ္ဍကြီး (၄)ရပ် သတ်မှတ်ဆောင်ရွက်ရန် အစည်းအဝေးက သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး အစိုးရဘက်မှ ဥက္ကဋ္ဌအပါအဝင် ကိုယ်စားလှယ် ရှစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ ကိုယ်စားလှယ် ရှစ်ဦးဖြင့် ဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။

JCB တွင် ပါဝင်မည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် NCA လက်မှတ်ရေးထိုးထားသော အဖွဲ့များသာမက NCA လက်မှတ်ရေးထိုးခြင်း မပြုရသေးသော အဖွဲ့များလည်း ပါဝင်သည်။

ယနေ့ကျင်းပသော JCB အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ရှီလာနန်တောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်း၊ Nationwide Ceasefire Agreement-NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ပဒိုစောကွယ်ထူးဝင်း(KNU အထွေထွေအတွင်းရေးမှူး)၊ ခွန်ဥက္ကာ (PNLO ဦးဆောင်နာယက)၊ စိုင်းလျန်း(RCSS-SSA)၊ ဆလိုင်းထလာဟေး (CNF အထွေထွေအတွင်းရေးမှူး)၊ ဦးမျိုးဝင်း (ABSDF)၊ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား နိုင်အောင်မငေး(DPN အဖွဲ့ဝင်)၊ ဦးထွန်းဇော် (DPN အဖွဲ့ဝင်)၊ နိုင်ဗညားမွန် (NMSP)၊ ဦးစံလော့ ('ဝ' အထူးဒေသ(၂)၊ ပြည်ပဆက်ဆံရေးဌာနမှူး) နှင့် ဦးခမ်းမောင် (အထူးဒေသ(၄) မိုင်းလား၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ) တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များမိသားစုအဖွဲ့နှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ခရစ်တော်မွေးနေ့အကြို မေတ္တာပို့ဆုတောင်း ကောင်းချီးပေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များမိသားစုအဖွဲ့က ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နေအိမ်၌ ခရစ်တော်မွေးနေ့အကြို လာရောက်ဆုတောင်းကောင်းချီးပေးကြသည်။

ဆုတောင်းပွဲတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များမိသားစုအဖွဲ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား နှုတ်ခွန်းဆက်သပြီး ခရစ္စမတ်လက်ဆောင်ပန်းခြင်းပေးအပ်ကာ ခရစ်တော်မွေးနေ့အကြို နှုတ်ခွန်းဆက်ဓမ္မတေးသီချင်း သီဆိုကြသည်။

ယင်းနောက် ပဲခူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံက သမ္မာကျမ်းစာဖတ်ကြားပြီး ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အတွက် မေတ္တာပို့ဆုတောင်းကောင်းချီးပေးသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များမိသားစုအဖွဲ့က **"လောကဝမ်းမြောက်"**၊ **"ခရစ္စမတ်ရက်မြတ်"**၊ **"Silent Night"** နှင့် **"နှုတ်ဆက်ပါတယ်"** စသည့် ဓမ္မတေးသီချင်းများသီဆို၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အတွက် မေတ္တာပို့ဆုတောင်းကောင်းချီးပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ခရစ္စမတ်လက်ဆောင် ပြန်လည်ပေးအပ်ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များမိသားစုအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

## ■ ဒေသတွင်းနိုင်ငံများမှ

ပိုမိုလာရောက်လည်ပတ်ရေးအတွက် နိုင်ငံ၏ ပုံရိပ်ကို ပိုမိုမြှင့်တင်ရန်နှင့် ဘက်ပေါင်းစုံ၊ ကဏ္ဍစုံမှ ပါဝင်ဖြည့်ဆည်း ဆောင်ရွက်မှုများ လိုအပ်ကြောင်း အဆိုပါဖိုရမ်တွင် ကဏ္ဍအသီးသီးတွင် ပါဝင်နေသူများက ထောက်ပြဆွေးနွေးခဲ့ကြသည်။

"ခရီးသွားလုပ်ငန်းက မီးခိုးမထွက်တဲ့ စက်မှုလုပ်ငန်းအဖြစ် တင်စားကြတယ်။ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်တဲ့အခါ နိုင်ငံခြားဝင်ငွေအများအပြားလည်းရရှိတယ်။ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားက ခရီးသွားလုပ်ငန်းကို အလွန်မြှင့်တင်ခဲ့ကြတယ်။ အခု ဗီယက်နမ်လည်း ခရီးသွားလုပ်ငန်းကို တော်တော်လေး မြှင့်တင်လာတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ တစ်နှစ်လုံး နိုင်ငံခြားဧည့်သည် ၆၅ သန်း ဗီယက်နမ်ကို လည်ပတ်ခဲ့တယ်လို့ စာရင်းတွေအရ သိရပါတယ်။ မြန်မာမှာ ၅ သန်းလောက် လာဖို့ကိုတောင် မလွယ်ပါဘူး။ မြန်မာနိုင်ငံမှာ အင်မတန် လှပတဲ့ ခရီးသွားဆွဲဆောင်နိုင်တဲ့နေရာတွေ များစွာရှိနေပါတယ်။ ဒါပေမယ့် အခြေခံလိုအပ်ချက်တွေ၊ လမ်းပန်းဆက်သွယ်ရေး၊ ဟိုတယ်ခ၊ တည်းခိုခန်းခတွေ ဈေးကြီးမြင့်နေတာ၊ တည်ငြိမ်မှု၊ လုံခြုံမှုမရှိသေးတာ၊ စားသောက်ဆိုင်၊ သန့်စင်ခန်း၊ ငွေလဲလှယ်မှု စတဲ့ လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ရှိအောင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်မှုအဆင်ပြေမှာ။ မြန်မာကို ဘားမားလို့ သိနေကြတော့ မြန်မာနိုင်ငံဆိုတာ ကမ္ဘာ့နိုင်ငံ့ဘယ် ငြိမ်းချမ်းရေးဆုရှင်နဲ့ ဒီမိုကရေစီသူရဲကောင်း ဒေါ်အောင်ဆန်းစုကြည်နဲ့တွဲဖက်ပြီး မြှင့်တင်မယ်ဆိုရင် ပိုသိနိုင်ပါတယ်။ မလေးရှားနိုင်ငံဆိုရင်လည်း သူတို့နိုင်ငံခေါင်းဆောင်နဲ့ လုပ်ခဲ့တာတွေရှိပါတယ်"ဟု ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုသည်။

မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ပိုမိုမြှင့်တင်နိုင်ရေးအတွက် National Branding ကို မဖြစ်မနေ လုပ်ဆောင်ရန် လိုအပ်နေပြီး မြန်မာနိုင်ငံကို အထင်ကရ ခရီးစဉ်ဒေသအမှတ်တံဆိပ်ဖြင့် လက်ရှိအသုံးပြုနေသော Let the Journey begin ကို ဆက်လက်ထိန်းသိမ်းရန်နှင့် Brand အသစ်စဉ်းစားရန်ကိုလည်း ခရီးသွားလုပ်ငန်း ညီနောင်အသင်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဟု သိရသည်။ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်များကို နိုင်ငံတကာမှ ပိုမိုသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်မည်ဟု ကျွမ်းကျင်သူများက အကြံပြုကြပြီး Country Brand Name Promotion လုပ်ငန်းများအား မီဒီယာများက တစ်ဆင့်လည်းကောင်း၊ ဈေးကွက်တည်ရှိရာသို့ လက်တွေ့သွားရောက် စည်းရုံးဆောင်ရွက်ခြင်း၊ နိုင်ငံတကာမှ ခရီးသွားကုမ္ပဏီများ၊ သတင်းမီဒီယာများကို ဖိတ်ကြားခြင်းဖြင့် ဆောင်ရွက်ရန် လိုအပ်မည်ဟု အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းဆိုင်ရာလုပ်ငန်းရှင်များ၊ ကျွမ်းကျင်သူများက အကြံပြုပြောကြားကြသည်။

"ထိုင်း၊ ဗီယက်နမ်ကို ဒေါ်လာ ၃၀၀၊ ၄၀၀ လောက်နဲ့ အပြီးအစီးခရီးစဉ်တွေကို စီစဉ်ပေးနေတာတွေ့ရတယ်။ ဒီငွေနဲ့ လေးညအိပ် ငါးရက် စရိတ်ငြိမ်း စီစဉ်ပေးနိုင်တာကို ကြည့်ခြင်းအားဖြင့် ဟိုတယ်ခ အင်မတန်သက်သာပြီး ကောင်းမွန်တာတွေ့ရတယ်။ ဒေါ်လာ ၂၀ ဆို ဟိုတယ်သင့်တင့်ကောင်းမွန်တဲ့ဟာ တည်းနိုင်တယ်။ ဒါကြောင့် မြန်မာပြည်တွင်းကနေ ထိုင်း၊ ဗီယက်နမ်ကို သွားလည်တာ ခေတ်စားလာတော့ ဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီတွေတောင် တော်တော်လေးအလုပ်ဖြစ်လာတာ တွေ့ရတယ်။ သူတို့နိုင်ငံတွေက ဒေသထွက်ကုန်တွေ၊ ရိုးရာလက်မှုပညာပစ္စည်းတွေကို မြှင့်တင်ပြီးတော့မှ ဧည့်သည်တွေဆီကနေ ဝင်ငွေတစ်ခုအနေနဲ့ ပြန်ယူတာ။ မြန်မာ့လက်မှုပစ္စည်းတွေကို ခေတ်အမြင်နဲ့ ပေါင်းစပ်ပြီး လုပ်ဖို့လိုအပ်နေတယ်။ မြန်မာ့အစားအသောက်တွေလည်း ဒီအတိုင်းပဲ စားချင်စဖွယ်အပြင်အဆင်၊ ထုပ်ပိုးမှုတွေနဲ့ မြန်မာ့လက်ဆောင်ပစ္စည်းတွေအနေနဲ့ လုပ်ဆောင်နိုင်ဖို့ကို နိုင်ငံတော်ဘက်ကလည်း အားပေးရမယ်။ အသေးစား၊ အလတ်စားလုပ်ငန်းငယ်လေးတွေကို နည်းပညာ၊ ဈေးကွက်မြှင့်တင်မှုတွေ လုပ်ပေးမယ်ဆိုရင် ဒါဟာ ဒေသဖွံ့ဖြိုးရေးလည်းဖြစ်သလို၊ ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်တယ်။ နိုင်ငံခြားဝင်ငွေလည်း ရရှိစေတယ်"ဟု ပရော်ဖက်ရှယ်နယ် Tour Leader တစ်ဦးဖြစ်သူ ကိုဖြိုးက ပြောသည်။ **(ဆုနှင်းလှဲ့)**

## ❒ ကျောဖုံးမှ

ယင်းနောက် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများနှင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည့် အစီအမံများအပေါ် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်ပြောကြားသည်။

အစည်းအဝေးသို့ ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးကျော်စိုးဝင်းအား ဗီယက်နမ်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စိုးဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ရုရှားသံအမတ်ကြီး လုပ်ကြံသတ်ဖြတ်ခံရမှု လူခြောက်ဦးကို တူရကီရဲတပ်ဖွဲ့ထိန်းသိမ်း

**အန်ကာရာ ဒီဇင်ဘာ ၂၀**

ရုရှားသံအမတ်ကြီး လုပ်ကြံသတ်ဖြတ်ခံရခြင်းအတွက် တူရကီရဲတပ်ဖွဲ့က လူခြောက်ဦးကို ထိန်းသိမ်းလိုက်ကြောင်း နိုင်ငံပိုင် အင်နာဒိုလူ သတင်းဌာနက ဒီဇင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံ အန်ကာရာမြို့၌ ဒီဇင်ဘာ ၁၉ ရက်က အနုပညာပြခန်းဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားနေသူ ရုရှားသံအမတ်ကြီး အင်ဒရေကာလော့အား တာဝန်ပြင်ပအချိန်တွင် ရှိနေသူ ရဲအရာရှိတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ သံအမတ်ကြီးမှာ ပြင်းထန်စွာ ဒဏ်ရာရခဲ့ပြီးနောက် သေဆုံးခဲ့ရသည်။



ရုရှားသံအမတ်ကြီးအား သေနတ်ဖြင့်ပစ်ခတ်သူမှာ မေဗွတ်မတ်အယ်တင်တပ်ဆိုသူဖြစ်ပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် "အလက်ပိုမြို့ကို မမေ့ကြနဲ့"၊ "ဘုရားသခင်သည် အမြတ်ဆုံး"ဟူ၍ လက်သီးလက်မောင်းတန်းကာ ကြွေးကြော်ခဲ့သည်။**(ဓာတ်ပုံ)**

သံအမတ်ကြီးအား သေနတ်ဖြင့် ပစ်ခတ်သူ၏မိခင်၊ ဖခင်၊ နှမနှင့် ဆွေမျိုးသားချင်းတော်စပ်သူနှစ်ဦးတို့ကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့သည်။ ရဲတပ်ဖွဲ့သည် သေနတ်သမားနှင့် တစ်ခန်းတည်းနေထိုင်ခဲ့သူ တစ်ဦးကိုလည်း ထိန်းသိမ်းခဲ့သည်။

ထိုစဉ်အတွင်း တူရကီနိုင်ငံရှိ မစ်ရှင်လုပ်ငန်းသုံးခုကို ပိတ်ထားမည်ဟု အမေရိကန်ပြည်ထောင်စုက ထုတ်ပြန်ကြေညာသည်။ အန်ကာရာမြို့ရှိ အမေရိကန်သံရုံးရှေ့တွင် ဒီဇင်ဘာ ၁၉ ရက်ညက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ယင်းသို့ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။ အဆိုပါ အမေရိကန်သံရုံးသည် သံအမတ်ကြီးကာလော့ လုပ်ကြံခံရသည့်နေရာဖြစ်သော အနုပညာပြခန်းအနီးတွင် တည်ရှိသည်။

သံအမတ်ကြီး လုပ်ကြံခံရမှုအတွက် အကြမ်းဖက်သမားများကို သက်ညှာခွင့်ပေးလိမ့်မည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ကပြောကြားသည်။

မိမိ၏နိုင်ငံသည် အကြမ်းဖက်မှုကို တိုက်ဖျက်ရန် သန္နိဋ္ဌာန် အခိုင်အမာချမှတ်ထားကြောင်း တူရကီနှင့်အီရန်နိုင်ငံခြားရေးဝန်ကြီးများနှင့် ဒီဇင်ဘာ ၂၀ ရက်တွင် တွေ့ဆုံဆွေးနွေးပြီးနောက် ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ **ရိုက်တာ။**

# တူရကီနိုင်ငံရှိ အမေရိကန်သံရုံးပစ်ခတ်ခံရ

**အန်ကာရာ ဒီဇင်ဘာ ၂၀**

တူရကီနိုင်ငံ အန်ကာရာမြို့တော်ရှိ အမေရိကန်သံရုံးဝင်ပေါက်အနီး၌ အင်္ဂါနေ့အစောပိုင်းတွင် အမျိုးသားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်မှု ပြုလုပ်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိများက ပြောကြားသည်။ သံရုံးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ဟု ဆိုသည်။

အမေရိကန်သံရုံးသည် တနင်္လာနေ့က တူရကီနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ပစ်သတ်ခံရသည့် အနုပညာပြတိုက်နှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသည်။ တူရကီရဲတပ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ခဲ့သည့် အမျိုးသားကို ဖမ်းဆီးထိန်းသိမ်းပြီး စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ယခုဖြစ်ရပ်သည် ရုရှားသံအမတ်ကြီးကို လုပ်ကြံခဲ့သည့်ဖြစ်ရပ်နှင့် ဆက်နွှယ်မှု ရှိ၊ မရှိ မသိရသေးပေ။ **အင်န်အိတ်ချ်ကေ။**




## ဆိုက်ဘေးရီးယားတွင် အရက်အစားထိုး ရေချိုးလိုးရှင်းအဆီ သောက်သုံးမိသဖြင့် လူ ၅၄ ဦးသေဆုံး

**အာကူတက်ခ် ဒီဇင်ဘာ ၂၀**

ဆိုက်ဘေးရီးယားအရှေ့ပိုင်းတွင် အရက်အစားထိုး ရေချိုးလိုးရှင်းအဆီများ သောက်သုံး ပြီးနောက် လူ ၅၄ဦး သေဆုံးခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားသည်။

ဆိုက်ဘေးရီးယားရှိ အာကူတက်ခ်မြို့ ဒေသခံများသည် အရက်အဆိပ်အတောက်ဖြစ်ကာ သေဆုံးခြင်းဖြစ်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။ ၎င်းတို့သည် လွန်ခဲ့သည့်သောကြာနေ့ကတည်းက ကိုယ်လက်မအီမသာဖြစ်ခြင်းနှင့် ဖျားနာခြင်းများဖြစ်ကာ ဆေးရုံများသို့ ရောက်ရှိလာခဲ့ကြသည်ဟု ဆိုသည်။

အဆိပ်သင့်ပြီးဆေးရုံများသို့ ရောက်ရှိလာသူများအားလုံးသည် အရက်ပါဝင်သည်ဟု တံဆိပ်တပ်ထားသည် ရေချိုးလိုးရှင်းအဆီဝယ်ယူသောက်သုံးခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့က အဆိုပါရေချိုးလိုးရှင်းအဆီသည် အရက်အပြင်းစားကဲ့သို့ပင် အာနိသင်ရှိလိမ့်မည်ဟု ထင်မှတ်ခဲ့ကြသည်။

ဒေသဆိုင်ရာတာဝန်ရှိသူများက အဆိုပါရေချိုးလိုးရှင်းအဆီထုတ်လုပ်ရောင်းချမှုတွင် ပါဝင်ပတ်သက်သည့် လူငါးဦးကို ဖမ်းဆီးကာ စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ ရုရှားနိုင်ငံတွင် ၅၀၀ မီလီလီတာပါဝင်သည့် ဗော့ဒ်ကာအရက်တစ်လုံး၏ ပုံမှန်လက်လီရောင်းဈေးမှာ သုံးဒေါ်လာခန့်ရှိပြီး ရေချိုးလိုးရှင်းဆီ၏ဈေးမှာ ဗော့ဒ်ကာအရက်ထက် တစ်ဝက်သက်သာသည်။

ရုရှားနိုင်ငံတွင် စီးပွားရေးကျဆင်းမှုကြောင့် ဝင်ငွေနည်းသူများက ဈေးနှုန်းသက်သာသည့် အရက်များကို ဝယ်ယူသောက်သုံးလျက်ရှိကြသည်။ ယခုနှစ်တွင် အရက်အဆိပ်အတောက်ဖြစ်ပြီး သေဆုံးရသူ ၆၉၀၀ ခန့်ရှိသည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ။**

# ငွေမည်းစီးဝင်မှုကို ထိန်းချုပ်နိုင်စေရေး ပါကစ္စတန်အထက်လွှတ်တော်ဆုံးဖြတ်ချမှတ်

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၀**

ပါကစ္စတန်နိုင်ငံ၌ ငွေမည်းစီးဝင်မှုကို ထိန်းချုပ်နိုင်စေရေးအတွက် တန်ဖိုးကြီးငွေစက္ကူဖြစ်သော ရူပီး ၅၀၀၀ တန် ငွေစက္ကူများကိုပြန်လည်ရုပ်သိမ်းနိုင်ရန် အထက်လွှတ်တော်က ဒီဇင်ဘာ ၂၀ ရက်တွင် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရူပီး ၅၀၀၀ တန်ငွေစက္ကူများကို လှည့်ပတ်သုံးစွဲငွေအဖြစ်မှ ရပ်ဆိုင်းခြင်းဖြင့် စီးပွားရေးနယ်ပယ်အတွင်း စာရင်းမပြနိုင်သော ငွေမည်းများ စီးဆင်းနေမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ဘဏ်စာရင်းများအသုံးပြုမှုကို အားပေးမြှင့်တင်နိုင်မည်ဖြစ်ကြောင်း အထက်လွှတ်တော်၏ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

ရူပီး ၅၀၀၀ တန်ငွေစက္ကူအား လှည့်ပတ်သုံးစွဲငွေစနစ်မှ ဖျက်သိမ်းမှုကို အဆင့်လိုက်လုပ်ကိုင်သွားမည်ဖြစ်သည်။ ယင်းငွေစက္ကူကို ဈေးကွက်များမှ ဖယ်ရှားနိုင်စေရေးအတွက် သုံးနှစ်မှ ငါးနှစ်အထိ အချိန်ယူသင့်ကြောင်း အဆိုပါ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် ရူပီး ၅၀၀၀ တန်ငွေစက္ကူများကို ပြန်လည်ရုပ်သိမ်းခြင်းဖြင့် ဈေးကွက်အတွင်း ပြဿနာများဆိုက်လာနိုင်ပြီး ပြည်သူတို့အနေဖြင့် တန်ဖိုးကြီးငွေစက္ကူကိုင်ဆောင်ခွင့် မရှိတော့လျှင် နိုင်ငံခြားငွေကြေးများကို ကိုင်ဆောင်လာကြလိမ့်မည်ဖြစ်ကြောင်း တရားဥပဒေရေးရာဝန်ကြီး ဇာဟစ် ဟာမစ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ လှည့်ပတ်သုံးစွဲလျက်ရှိသော ငွေစက္ကူအရေအတွက်မှာ ၃ ဒသမ ၄ ထရီလီယံရှိပြီး ယင်းအနက် ရူပီး ၅၀၀၀ တန်ငွေစက္ကူအရေအတွက်မှာ ၁ ဒသမ ၀၂ ထရီလီယံရှိကြောင်း ဟာမစ်က ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ မကြာမီက တန်ဖိုးကြီးငွေစက္ကူများကို လှည့်ပတ်သုံးစွဲငွေစနစ်မှ ပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် ပါကစ္စတန် အထက်လွှတ်တော်က အထက်ပါဆုံးဖြတ်ချက်ကို ချမှတ်လိုက်ခြင်းဖြစ်သည်။ **ပီတီအိုင်။**

# ခရစ္စမတ်ဈေးခင်း၌ အကြမ်းဖက်တိုက်ခိုက်မှုကို ခိုလှုံခွင့်တောင်းခံထားသူ ပြုလုပ်ဖွယ်ရှိ



**ဘာလင် ဒီဇင်ဘာ ၂၀**

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ခရစ္စမတ်ဈေးခင်းရှိလူအုပ်အတွင်းသို့ ထရပ်ကားတစ်စီးဖြင့် အတင်းမောင်းဝင်ကာ တိုက်ခိုက်ခဲ့သူမှာ ခိုလှုံခွင့်တောင်းခံသူတစ်ဦးဖြစ်ဖွယ်ရှိကြောင်း ဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်က ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားလိုက်သည်။

ဘာလင်မြို့၌ ဒီဇင်ဘာ ၁၉ ရက် ညနေခင်းက ကိုင်ဇာဝယ်ဟိမ်း အောက်မေ့ဖွယ်ခရစ်ယာန်ဘုရားကျောင်းအနီးရှိ ရင်ပြင်တွင် ခရစ္စမတ်ဈေးခင်း ပြုလုပ်နေချိန်ထရပ်ကားတစ်စီးက လူအုပ်အတွင်းသို့ အတင်းမောင်းဝင်လာခဲ့ရာ ၁၂ ဦးသေဆုံးရပြီး ၄၈ ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းထရပ်ကားမောင်းသူသည် လူအုပ်အတွင်းသို့ တမင်ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ပြီး အကြမ်းဖက် တိုက်ခိုက်မှုအဖြစ် အစိုးရက ယူဆသည်။

အကြမ်းဖက်သမားအဖြစ် မသင်္ကာရသူမှာ အသက် (၂၃) နှစ်အရွယ်ရှိ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူတစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် ပါကစ္စတန်နိုင်ငံမှ ရွှေ့ပြောင်းလာခဲ့ပြီး ခိုလှုံခွင့်တောင်းခံထားသူ တစ်ဦးဖြစ်ကြောင်း ဝန်ကြီးချုပ် မာကဲလ်က ပြောကြားသည်။

**ရိုက်တာ။**

# ပိုလန်သမ္မတနိုင်ငံအစိုးရထံမှ ယူရိုသန်း ၅၀ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစည်းအဝေးတွင် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုပါချေးငွေချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြခဲ့ပြီး အဆိုပါချေးယူမည့်ကိစ္စကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် နိုင်ငံတစ်ဝန်းအာဏာမတည်သော ဥပဒေများအား အာဏာတည်တံ့စေရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများအကြား မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ထူထောင်ရေးသဘောတူညီချက်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းက မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံများအကြား မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးထူထောင်ရေးသဘောတူညီချက်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးပြီးပါက ကမ္ဘာလှည့်ခရီးသည်များနှင့် အိမ်နီးချင်းနိုင်ငံများမှ ခရီးသွားများ လာရောက်ကြမည်ဖြစ်ပါကြောင်း၊ ခရီးသည်များလာရောက်မည်ဖြစ်



ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း။

သည့်အတွက် အဆင်သင့်ဖြစ်ရန် ဆန်းစစ်ပြင်ဆင်ထားသင့်ပါကြောင်း၊ အထူးသဖြင့် လုံခြုံရေးကောင်းရန် လိုအပ်ပါကြောင်း၊ သို့သော်လည်း စိတ်အနှောင့်အယှက်မဖြစ်စေရန် လိုအပ်မည်ဖြစ်ပြီး လွတ်လပ်မှုကို ဆောင်ရွက်ပေးနိုင်သည့် လုံခြုံရေးမျိုးဖြစ်ရန် လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ယဉ်ကျေးမှုဓလေ့စရိုက်များ မထိခိုက်စေရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၊ ဝါးခယ်မ မဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မှ ဦးကျော်ဆွေ၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ရှင်းလင်းတင်ပြရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအတွက် ပိုလန်သမ္မတနိုင်ငံအစိုးရထံမှ ယူရိုသန်း ၅၀ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ချေးငွေဖြင့် ဝယ်ယူသည့်ပစ္စည်းများဖြစ်သည့်အတွက် နိုင်ငံတော်အတွက် ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခေတ်မီယာဉ်စက်ကိရိယာ ကိုင်တွယ်ထိန်းသိမ်းရေး သင်တန်းများကိုလည်း ဖွင့်လှစ်ပြီး တပ်ဖွဲ့ဝင်များ၏ အရည်အသွေး မြင့်မားရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွင့်လှစ်ရန်ကျန်ရှိနေသေးသည့် မီးသတ်စခန်းများအတွက်လည်း မီးသတ်ဦးစီးဌာနအနေဖြင့် မြေနေရာရရှိမှုအပေါ် မူတည်ပြီး မီးသတ်စခန်းဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေရရှိရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအတွက် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ ဝယ်ယူခွင့်ရရှိရေးအတွက် ပိုလန်နိုင်ငံအစိုးရက အဆိုပြုထားသည့် ယူရိုသန်း ၅၀ ချေးယူခွင့်ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

အလားတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းပြောကြားပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နမ့်ဆန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထူးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆(က)အရ အရေးကြီးအဆိုတင်သွင်းခွင့်ပြုရန် လျှောက်ထားခဲ့ပါကြောင်း၊ အရေးကြီးအဆိုမှာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားလက်နက်ကိုင်အားလုံး ပါဝင်တက်ရောက်၍ မြန်မာနိုင်ငံ၏အကျိုးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများအားလုံး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးတွင် အခက်အခဲ အဟန့်အတားများကို ဖြေလျှော့၍ အားလုံးပါဝင်တက်ရောက်ရေးထိုးနိုင်ရေးအတွက် NRPC ဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် အလျင်အမြန် လုပ်ဆောင်ပေးရန် NRPC နှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ကြောင်း။

ယင်းအဆိုနှင့်ပတ်သက်၍ နာယကအနေဖြင့် ၂၀၁၀ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ အပိုဒ်ခွဲ(က)၂ နှင့် ၃ တို့အရ မညီညွတ်၍ ခွင့်မပြုခဲ့ကြောင်း၊ ခွင့်မပြုခဲ့ကြောင်းကိုလည်း ၎င်း၏လျှောက်လွှာတွင် အကျိုးအကြောင်း သေချာစွာဖော်ပြပြီး လွှတ်တော်ကိုယ်စားလှယ်အား ရှင်းပြရန် ညွှန်ကြားရေးမှူးချုပ်အား ညွှန်ကြားခဲ့ပါကြောင်း၊ ညွှန်ကြားရေးမှူးချုပ်ကလည်း ရှင်းပြခဲ့ပြီးဖြစ်သည်ကို သိရပါကြောင်း။

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဦးဝိစာရလမ်းအား ကတ္တရာကွန်ကရစ်တန် ၁၇၀ အသုံးပြုပြင်ဆင်ခဲ့ခြင်းနှင့်ပတ်သက်ပြီး မေးမြန်းဖြေကြား

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၁၅ ခုနှစ်အတွင်း ကတ္တရာကွန်ကရစ်တန် ၁၇၀ အသုံးပြုပြင်ဆင်ခဲ့သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဦးဝိစာရလမ်းနှင့်ပတ်သက်ပြီး ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့မှုနှင့် ကြားသက်သေများအား ခေါ်ယူစစ်ဆေးခဲ့ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင်က ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့တွင် မေးမြန်းရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ဖြေကြားသည်။

ဒေါက်တာခင်မောင်မောင်က အဆိုပါလမ်းမှာ အကျယ် ၁၆ ပေ၊ အလျား ၁ ဒသမ ၁ မိုင် ရှည်လျားသော ကွန်ကရစ်လမ်းဖြစ်ကြောင်း၊ အဆိုပါကွန်ကရစ်လမ်းအပေါ် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ၁ လက်မအထူဖြင့် ခင်းမည်ဆိုပါက တန် ၄၀ အသုံးပြုရမည်ဟု သိရှိရကြောင်း၊ ယခုအခါ အဆိုပါကွန်ကရစ်လမ်းတွင် ချိုင့်ခွက်များဖာထားခြင်းမှာ မှန်ကန်ပါကြောင်း၊ သို့သော် ၆၀ ရာခိုင်နှုန်းလောက်သည် မူလကွန်ကရစ်လမ်းအတိုင်း ဖြစ်နေသည်ကို တွေ့ရပါကြောင်း လွှတ်တော်သို့ တင်ပြသည်။

ထို့ပြင် ၎င်းက “တန် ၁၇၀ လောက်များတဲ့ ကတ္တရာတွေနဲ့ လာပြီးပြုပြင်တာ ကျွန်တော်တစ်ခါမှ မတွေ့ပါဘူး။ အဲဒါကြောင့် ကြယ်ပွင့်မပြ မေးခွန်းအနေနဲ့ ထပ်ပြီးမေးပါတယ်။ အဲဒီကတ္တရာ တန် ၁၇၀ ဟာ လမ်းပေါ်ရောက်မလာဘဲ အဲဒီကတ္တရာတွေ ဘယ်လိုပျောက်ဆုံးသွားသလဲဆိုတာ သိလိုပါတယ်”ဟု မေးခွန်းဆက်လက် မေးမြန်းခဲ့သည်။

မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရှင်းလင်းရာတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဝိစာရလမ်းကို ၂၀၁၅ ခုနှစ်အတွင်း ပြင်ဆင်ပေးခဲ့သည့် ကတ္တရာကွန်ကရစ်တန် ၁၇၀ နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတွင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဒုတိယဌာနမှူး ဦးမြင့်ဦး၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)လက်ထောက်ဌာနမှူး ဦးကျင်အုန်း၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနခွဲမှူး ဦးအောင်စိုး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်စည်ပင်သာယာ



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်



ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်
မှ ဒေါက်တာခင်မောင်မောင်

အုပ်ချုပ်ရေးမှူး ဦးမြတ်မော်ဦး၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနစုမှူး ဦးသက်နောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၁ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးသီဟလင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၁ တိုးချဲ့ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၄ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်အောင်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၄၂ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စီ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စီးပွားရေးဖွံ့ဖြိုးမှုဇုန်ဥက္ကဋ္ဌ ဦးကိုကိုကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စီးပွားရေးဖွံ့ဖြိုးမှုဇုန် ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်တို့ပါဝင်ပြီး ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း။

ထိုသို့ ရှင်းလင်းဆွေးနွေးခဲ့ရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဦးဝိစာရလမ်းတွင် ကတ္တရာကွန်ကရစ်ဖြင့် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို တွေ့ရှိကြကြောင်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများကလည်း ကူညီဆောင်ရွက်ပေးခဲ့သည်ဟု တင်ပြခဲ့ကြပါကြောင်း၊ ထို့ပြင် စက်မှုဇုန်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကလည်း စက်မှုဇုန်နယ်နိမိတ်အတွင်း လမ်းပေါက်ဖာခြင်းလုပ်ငန်းဆောင်ရွက်သည်မှာ မှန်ကန်သည်ဟု တင်ပြခဲ့ပါကြောင်း ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားမှုအပြီး မေးခွန်းရှင် ဒေါက်တာခင်မောင်မောင်က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အဖွဲ့ဖြင့် ထပ်မံစစ်ဆေးပေးရန် ရှိ၊ မရှိ သိလိုကြောင်း ထပ်ဆင့်မေးခွန်းမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်မေးမြန်းမည်ဖြစ်ပြီး ရရှိသည့်အဖြေကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၏ ဖောင်းပြင်-ပင်လည်ဘူး မော်တော်ကားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍လည်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရာသီမရွေးသွားလာနိုင်သော လမ်းအဆင့်သို့ ရောက်ရှိနိုင်စေရန် ဖောင်းပြင်-ပင်လည်ဘူး (လမ်းကြောင်းသစ်အပိုင်း)တွင် အတက်အဆင်း မတ်စောက်သောနေရာများအား လျှောစောက်နှိမ့်ချခြင်း(၅)မိုင်၊ အမာခံကျောက်လမ်းခင်းခြင်း(၁၉)မိုင်နှင့် ကွန်ကရစ်လမ်းခင်းခြင်း (၉)မိုင် (၇)ဖာလုံ စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ရန်ပုံငွေကျပ် ၅၅၇၅ သန်းအား ပြည်ထောင်စုသီးသန့်ရန်ပုံငွေရရှိနိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြတောင်းခံထားခြင်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် သဘောတူကြောင်း အကြောင်းပြန်ကြားထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုသီးသန့်ရန်ပုံငွေရရှိပြီး လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရာသီမရွေးသွားလာနိုင်သည့်အဆင့်သို့ ရောက်ရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး၏ ချီဖွေမှ ဆော့လော်မြို့သို့ ဆက်သွယ်ထားသော (၃၄)မိုင်လမ်းဟောင်းအား အမြန်ဆုံးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ချီဖွေမှ ဆော့လော်သို့ ဆက်သွယ်ထားသည့် ချီဖွေ-ဆော့လော်လမ်းပိုင်း ၃၄ မိုင်အား နယ်မြေအခြေအနေ အေးချမ်းတည်ငြိမ်မှုရရှိသည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

## ပြည်တွင်းရေးရာ

❁ စာမျက်နှာ ၅ မှ

ယင်းကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်က သတင်းမီဒီယာများတွင် ပြောကြားခဲ့ကြောင်း၊ နာယကအနေဖြင့် ယင်းအဆိုပယ်ရခြင်းမှာ ၂၀၁၀ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ အပိုဒ်ခွဲ(က)၊ ၂ နှင့် ၃ တို့အရ မညီညွတ်သဖြင့် ခွင့်မပြုခဲ့ခြင်းဖြစ်ကြောင်း၊ ခြေခြေမြစ်မြစ်မသိဘဲ မပြောကြစေလိုကြောင်း၊ ပြောပါက လွှတ်တော်၏ ပုံရိပ်ကိုထိခိုက်နိုင်ပါကြောင်း၊ တိုင်းရင်းသားပါတီများ၏ ပြောဆိုခွင့်ကို ပိတ်ပင်သည်ဆိုသည့် လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစော၏ ပြောဆိုမှုသည် အမျိုးသားရင်ကြားစေ့ရေးကို များစွာထိခိုက်ပါကြောင်း၊ နောင်ဆိုလျှင် သေချာဖတ်ရှုစေလိုပါကြောင်း၊ လွှတ်တော်၏ပုံရိပ်ကို ထိခိုက်အောင်မလုပ်ကြရန် သတိပေးပြောကြားလိုပါကြောင်း၊ ဥပဒေနှင့်မညီ၍ လက်မခံခြင်းကို အမျိုးမျိုးမပြောကြစေလိုကြောင်း၊ နောင်တွင် မမှန်ကန်သည့် ပြောဆိုမှုများ မပြောစေလိုကြောင်း၊ မှန်၊ မမှန် မသေချာသည့်ကိစ္စရပ်များကို မဝေဖန်ကြစေလိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး ထမ်းဆောင်ရန် ရွေးချယ်လိုက်ခြင်းဖြစ်ပါကြောင်း၊ လူကြီးလူကောင်း စာရင်းဝင်သည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ မမှန်မကန်ပြောဆိုမှုသည် လူကြီးလူကောင်း လုပ်ရပ်မဟုတ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၂ ဦးအနေဖြင့် နောင်တွင် ယခုကဲ့သို့ မလုပ်ရန် နာယကအနေဖြင့် သတိပေးပါကြောင်း ပြောကြားသည်။

**မျိုးမြင့် (သတင်းစဉ်)**

❂ စာမျက်နှာ ၅ မှ

မန္တလေး-တွင်းငယ်-မိုးမိတ်-မန်တုံ-နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီးကို ပထမဦးစားပေး ဖောက်လုပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မန္တလေး-တွင်းငယ်-မိုးမိတ်-မန်တုံ-မုံးဝီး-နမ့်ခမ်းလမ်းအား ဘဏ္ဍာနှစ်အလိုက် ခွဲဝေရရှိသည့် ရန်ပုံငွေနှင့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ မန္တလေး-တွင်းငယ်-မိုးမိတ်အပိုင်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကုန်တွင် ကတ္တရာလမ်းအဆင့်(၁၀၀) ရာခိုင်နှုန်းရောက်ရှိမည်ဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့် မိုးမိတ်-မန်တုံ-မုံးဝီး-နမ့်ခမ်း လမ်းပိုင်းသည် လက်ရှိအခြေအနေအရ မြို့များအနီးတစ်ဝိုက်တွင်သာ လုံခြုံရေးကောင်းမွန်ပြီး ကျန်လမ်းပိုင်းများတွင် လုံခြုံရေးအခြေအနေအရ လမ်းပိုင်းတစ်လျှောက်လုံး လုပ်ငန်းဆောင်ရွက်ရန် မလွယ်ကူသည့် အခြေအနေဖြစ်သည့်အတွက် နယ်မြေလုံခြုံရေးအခြေအနေအပေါ်မူတည်ပြီး ဘဏ္ဍာနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ယနေ့အစည်းအဝေး၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် အစည်းအဝေးခန်းမအတွင်း ဂျာနယ်ဖတ်ရှုနေသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သတိပေးစကား ပြောကြားခဲ့သည်။

**ကျော်သူထက်-သတင်းစဉ်**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ပေါင်းတလည် ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတလည်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းတွင် ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ဒီဇင်ဘာ ၁၉ ရက်က ပေါင်းတလည်မြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မင်းထွေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ပေါင်းတလည်မြို့အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာစိုက်ထူပြီး ပေါင်းတလည်ဈေးအတွင်း လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(ရဲထွန်း)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗန္ဓုလကျေးရွာဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မောင်တောဒေသရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့နယ်အတွင်းရှိ ဗန္ဓုလကျေးရွာနှင့် ပတ်ဝန်းကျင် တိုင်းရင်းသားကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်နက်နယ်မြေကို တစ်လက်မမျှ မပွန်းပဲ့စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ကာကွယ်စောင့်ရှောက်ရာတွင် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများလည်း ပါဝင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ဆက်စကားပြောကြားပြီး ကျေးရွာများမှ ရပ်မိရပ်ဖများက ဒေသလိုအပ်ချက်များကို တင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန္ဓုလကျေးရွာအတွင်း လှည့်လည်ကြည့်ရှုပြီး အောင်မြေကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ကဝိသာရအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးသို့ ရောက်ရှိကြပြီး နေမျိုးခန်းမတွင် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်လုံခြုံမှုရှိအောင်၊ နိုင်ငံ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် မိမိတပ်ဖွဲ့ဝင်များသာမက တိုင်းရင်းသားများ၏ "အား" များကိုပါ ရယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံ့တကာမျက်နှာစာ၊ နိုင်ငံရေးမျက်နှာစာနှင့် အုပ်ချုပ်ရေးမျက်နှာစာများပေါ်တွင် ချိန်ဆ၍ ခိုင်မာစွာ ရပ်တည်လုပ်ဆောင်နေကြောင်း ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင် ဝါးခုတ်ချောင်းတပ်နယ်ခန်းမတွင် ဘူးသီးတောင်တပ်နယ်နှင့် ဝါးခုတ်ချောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများ ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဖြစ်စဉ်များအား ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ မြေပြင်ကွင်းဆင်းသတင်းရယူ

**မောင်တော ဒီဇင်ဘာ ၂၀**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းလေ့လာရန် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဘူးသီးတောင်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ဘူးသီးတောင်မြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး လူမျိုးဘာသာမရွေး ကုသပေးနေမှုအခြေအနေကို မေးမြန်းကြရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထွန်းကျော်နှင့် တာဝန်ရှိသူများက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဘူးသီးတောင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် အေးချမ်းစွာ ပညာသင်ကြားနေမှုအခြေအနေကို လေ့လာခဲ့ကြသည်။ ဆက်လက်၍ မြို့မစည်ပင်သာယာဈေးသို့ ရောက်ရှိကြကာ လူမျိုးဘာသာပေါင်းစုံ အတူတကွ ယှဉ်တွဲပြီး ရောင်းဝယ်နေမှုအခြေအနေကို သတင်းရယူကြသည်။

ဆက်လက်၍ ဘူးသီးတောင်မြို့၏ တောင်ဘက်ရှိ သပိတ်တောင်ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ပြီး ရွာပေါင်း ၈၅ ရွာတွင် နယ်လှည့်ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေကို မေးမြန်းကြသည်။

ယင်းနောက် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ဘူးသီးတောင်မြို့မှ မောင်တောမြို့သို့ ဆက်လက်ထွက်ခွာကြပြီး ညပိုင်းတွင် မောင်တောမြို့ မြို့မတောင်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အစ္စလာမ်ဘာသာရေး ခေါင်းဆောင်၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံပြီး မောင်တောမြို့နယ်အတွင်း အောက်တိုဘာ ၉ ရက်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုနှင့် နောက်ဆက်တွဲဖြစ်စဉ်များ ဖြစ်ပွားခဲ့မှု၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် နယ်မြေတည်ငြိမ်အေးချမ်းလာမှုအခြေအနေများနှင့်ပတ်သက်၍ မေးမြန်းသတင်းရယူခဲ့ကြသည်။



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ ဘူးသီးတောင်မြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ မေးမြန်းသတင်းရယူနေကြစဉ်။

**သတင်း-ဇေယျာ(မိုင်ရာ)၊ တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွေး**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေး နိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ရန်ကုန်တကာသအဆောက်အအုံ၊ ကြီးကြီးကြံစည်ပါ

**ဘိုးလှိုင်**

သမိုင်းအမှတ်သင်္ကေတဆောင်ထားလေသောကြောင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံသည် ယခု ဗလာဟင်းလင်းဖြစ်နေသော်လည်း နောင်လာနောက်သားတို့အတွက် ထိန်းသိမ်းထားရမည့် အမျိုးသားအမွေအနှစ်အဆောက်အအုံဖြစ်သည်။

ကျောင်းသားသမဂ္ဂအဆောက်အအုံသည် ကိုအောင်ဆန်း၊ ကိုနုနှင့်အတူ နိုင်ငံ့သားကောင်းလူငယ်တို့ မျိုးချစ်စိတ်ကို စိုက်ထူပြီး နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုအခြေစိုက်စခန်းဖြစ်သည်။ ဤအဆောက်အအုံကို ၁၉၆၂ ခုနှစ်တွင် အာဏာရှင် လူတစ်စုက ဗုံးခွဲဖြိုဖျက်ခဲ့သည်။ အေးချမ်းငြိမ်သက်တိတ်ဆိတ်နေသောအချိန်တွင် ရန်ကုန်မြို့ကြီး၏ သာယာသောမြို့စွန်တွင် ဝုန်းခနဲ ဖြိုခွဲပစ်ခြင်းဖြစ်သည်။ တစ်ညနေခင်းလုံး စဉ်းစားပြီး တစ်ညလုံးပြင်ဆင်သည်။ ဖြိုခွဲတာကတော့ တစ်စက္ကန့်ပင်မကြာ။

**တကာသကို ပြန်လည်တည်ဆောက်တော့မည်**

လွန်ခဲ့သောရက်အနည်းငယ်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးသဖြင့် ပညာရေးဒုတိယဝန်ကြီးက "ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံကို ပြန်လည်ဆောက်လုပ်ရန် အစီအစဉ်ရှိပါသည်။ ဆောက်လုပ်ရန်အတွက် နောင်နှစ်တွင် ဘဏ္ဍာငွေ(ဘတ်ဂျက်)ခွင့်ပြုချက်ရရှိရန်လည်း လုပ်ဆောင်နေပါသည်"ဟု လွှတ်တော်တွင်းတွင် ဖြေကြားခဲ့၏။

ဤကား ကြိုဆိုရမည့် ကောင်းသတင်းဖြစ်သည်။ သို့သော်လည်း ဆောက်လုပ်ရေးစီမံကိန်းကို မည်သို့ စီမံလုပ်ဆောင်မည်ကိုမူ မသိရ၊ မကြားရသေးပါ။ စိတ်ဝင်စားသောကျောင်းသားများ၊ အသင်းအဖွဲ့များကို ပညာရေးဝန်ကြီးဌာနက တိုင်ပင်ဆွေးနွေးဦးမည်လား။ တစ်နိုင်ငံလုံးတွင် တက္ကသိုလ်အဆောက်အအုံတွေ အများကြီးတည်ဆောက်ခဲ့သော အတွေ့အကြုံရှိပြီးဖြစ်သည့် ပညာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းအတိုင်းပဲ တကာသအဆောက်အအုံကို ဆောက်လုပ်မှာလား။

**"တင့်"တွေများ၏၊ "သင့်"ကားမရှိ (Many tanks but no think)**

ယခင်က သမ္မတ၏အကြံပေးပုဂ္ဂိုလ်ဖြစ်ပြီး ထင်ပေါ်သောပုဂ္ဂိုလ်ကြီးတစ်ဦးပြောစကားကို စာရေးသူကိုယ်တိုင်ကြားခဲ့ပါသည်။ Many tanks, but no think ("ဉာဏဗလအုံကြီးတွေကတော့ပေါပါရဲ့၊ အတွေးအခေါ်ကတော့မရှိဖြစ်နေတယ်"လို့ ဆိုလိုပါတယ်။) သူပြောတာက think tank ဟုခေါ်သော "အကြံထုတ်သူလူစု" (သို့) "ဉာဏဗလအုံ"တွေကို ဆိုလိုခြင်းဖြစ်သည်။ တကာသအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးကိစ္စ မည်သို့မည်ပုံလုပ်ဆောင်မည်ကို မည်သူက စဉ်းစားပေးသည် မသိရပါ။ တစ်ယောက်တည်းက စဉ်းစားလိုက်သလား၊ အဖွဲ့တစ်ဖွဲ့က စဉ်းစားတာလား၊ သို့မဟုတ် အထက်မှ ချပေးသော ညွှန်ကြားချက်ဖြစ်လေသလား။ ယခုထိတော့ နိုင်ငံသားတို့ မြင်ခွင့်၊ ကြားခွင့်မရသော အစီအမံဖြစ်နေသည်။

**သာမန်အဆောက်အအုံမဟုတ်ပါ။ သာမန်လုပ်ငန်းမဟုတ်ပါ**

အဆောက်အအုံကို မည်သည့်ပုံသဏ္ဌာန်(ဒီဇိုင်း)ဖြင့် တည်ဆောက်သင့်ပါသလဲ။ ယခုတည်ဆောက်မည့် အဆောက်အအုံသည် နိုင်ငံက အမြတ်တနိုးထားသည့် အမှတ်တရအဆောက်အအုံဖြစ်သည်။ အမြတ်တနိုးဖြစ်အောင်၊ အထိမ်းအမှတ်ဖြစ်အောင် ယခုခေတ်လူတွေက လုပ်ပေးနိုင်တာမဟုတ်ပါ။ တစ်ချိန်တစ်ခါက အမျိုးချစ်သော ကျောင်းသားခေါင်းဆောင်များက သိဒ္ဓိတင်ပေးခဲ့ပြီး အဆောက်အအုံဖြစ်ပါသည်။ အသစ်ဆောက်လိုက်လျှင် အလိုလို သိဒ္ဓိဝင်ပြီးဖြစ်ပါမည်။ ဤအဆောက်အအုံတွင် သူ၏မူလပုံစံရှိပြီးဖြစ်သည်။

ရှေးမူမပျက်၊ မူလပုံစံမပျောက်အောင် ထိန်းသိမ်းမှုရှေ့ထားပြီး အသစ်တည်ဆောက်ရမည့်အဆောက်အအုံဖြစ်သည်။

**ခေတ်ကာလအများကြီးပြောင်းလဲခဲ့ပြီ**

သို့သော် ခေတ်ကာလက အများကြီး ပြောင်းလဲခဲ့ပြီ။ နှစ်ပေါင်း ၅၀ ကျော်လာပြီ။ ရန်ကုန်မြို့ကြီးတွင် မြေကွက်တန်ဖိုးအလွန်ကြီးသည်။ ထူးထူးခြားခြားနေရာကောင်းတွင်တည်ရှိသော တကာသအဆောက်အအုံတည်နေရာသည် တခြားနေရာများထက် အဆများစွာ မြေဈေးကြီးသည်။ မြေ၏တန်ဖိုးနှင့် လိုက်ထိုက်သော အဆောက်အအုံကို ဆောက်လုပ်ဖို့လိုပါသည်။ (ဂုဏ်ဒြပ်မပါသော) "အမြတ်တနိုးတန်ဖိုး" အပြင် လက်ဆုပ်လက်ကိုင်တန်ဖိုးကိုပါ ရရှိနိုင်သော အဆောက်အအုံဖြစ်သင့်သည်ဟု ကျွန်တော်ပြောချင်သည်။

**ကြီးကြီးမားမား တည်ဆောက်ရန်တိုက်တွန်းပါသည်**

ယနေ့အချိန်အခါတွင် ခေတ်မီတက္ကသိုလ်ကြီးတစ်ခုအတွက် ရှိသင့်ရှိအပ်သော အင်္ဂါရပ်တွေများပြားပါသည်။ ဟောပြောပွဲခန်းမကြီး (Auditorium)၊ အနုပညာနှင့် ယဉ်ကျေးမှုစင်တာ၊ စုပေါင်းစားသောက်ခန်း (Refectory)၊ ဘဏ်နှင့် ဈေးဆိုင်များ၊ ဧည့်တည်းခိုခန်း စသည်တို့လိုအပ်ပါသည်။ ကျောင်းသားအသင်းအဖွဲ့(သမဂ္ဂ)၏ ရုံးခန်း၊ စည်းဝေးခန်းများအပြင် အခြားလိုအပ်ချက်တွေဖြစ်သည်။ (တစ်လောက စင်ကာပူတွင် မြန်မာနိုင်ငံသားများနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံသော ခန်းမကြီးသည် ပရိသတ် ၇၀၀၀ ဆံ့သည်ဟု သိရသည်။ ရန်ကုန်တွင် လူ ၂၀၀၀ ဆံ့သောခန်းမ မရှိသေးဟု ထင်ပါသည်။)

ယခုခေတ်လိုအပ်ချက်များအတွက် ယခင်တကာသ အဆောက်အအုံသည် သေးငယ်ပါသည်။ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် အခွင့်ကောင်းကြုံခိုက် တကာသအဆောက်အအုံ၏ အရွယ်အစားနှင့် ပုံစံဒီဇိုင်းကို စဉ်းစားသင့်ပါသည်။ စဉ်းစားကြရန် တိုက်တွန်းနှိုးဆော်ပါသည်။ ရန်ကုန်တက္ကသိုလ်သာမက တစ်နိုင်ငံလုံးကို ဂုဏ်ယူနိုင်သော အဆောက်အအုံကြီးကြီးဖြစ်စေလိုသည်။

**မြေအောက်၊ မြေပေါ် ထပ်မြင့်**

အဆောက်အအုံကို ယခင်ထက်ကျယ်ဝန်းအောင် တိုးချဲ့ဖို့မြေနေရာအပြင် ပသာဒဖြစ်စေမည့် မြက်ခင်းနှင့် ဥယျာဉ်အတွက်ပါ မြေကွက်နေရာကျယ်ဝန်းပါသည်။ ကွင်းပြင်ဧရိယာ လုံလောက်စွာရှိပါသည်။ အသစ်ဆောက်မည့် အဆောက်အအုံ မြေအောက်နေရာ (underground space) အသုံးတွင် တိုင်းပြည်အတွက် ရှေ့ပြေးစံပြလုပ်ပြနိုင်ပါသည်။ မြေအောက်တွင် နှစ်ထပ်၊ သုံးထပ်ထည့်သွင်းနိုင်သည်။ အဆောက်အအုံ၏ အောက်တည့်တည့်မြေသားကို ဖယ်ထုတ်ပြီး မြေအောက်နယ်ချဲ့နိုင်သည့်အပြင် အဆောက်အအုံ၏ ရှေ့မျက်နှာစာဖြစ်သော အဓိပတိလမ်းမကြီးအောက်တွင် လိုဏ်တူးပြီး လူလျှောက်လမ်း၊ စားသောက်ဆိုင်တန်းတွေ ထည့်သွင်းတည်ဆောက်နိုင်ပါသည်။ မိုးရာသီတွင် တက္ကသိုလ်နယ်မြေတွင် လမ်းလျှောက်ရန်ခက်ခဲပါသည်။ မြေပေါ်အမိုးပါ စင်္ကြံလမ်းထပ်မံ တည်ဆောက်မည့်အစား ဥမင်လမ်းက ပိုမကောင်းပေဘူးလား စဉ်းစားစရာဖြစ်ပါသည်။ ကားရပ်ရန်နေရာလည်း မြေအောက်မှာပဲ စီစဉ်ပေးလျှင် မြေပေါ်မှာ ပသာဒအတွက် ဥယျာဉ်၊ မြက်ခင်း၊ သစ်ရိပ်တွေနှင့် စိမ်းလန်းသော ပတ်ဝန်းကျင်၊ ကျယ်ကျယ်ဝန်းဝန်း ကွက်လပ်တွေဖော်ပေးလို့ရသည်။

**ဘက်စုံခေတ်ရှေ့ပြေးစင်တာကြီး**

ဘက်စုံသုံး ခေတ်ရှေ့ပြေးစင်တာကြီး၊ ကျောင်းသားများ၊ ဆရာများ၊ ကျောင်းသားဟောင်းများအတွက် ခေတ်ရှေ့ပြေးစင်တာကြီးအဖြစ် တည်ဆောက်ရန် အဆိုပြုတိုက်တွန်းနေခြင်းဖြစ်ပါသည်။ ဤစင်တာကြီးတွင် နိုင်ငံပေါင်းစုံအစည်းအဝေးကြီးတွေ ကျင်းပမည်။ ကြီးမားကျယ်ဝန်း ခေတ်မီသဘင်ခန်းမ(Ball room)ကြီးတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ မင်္ဂလာဧည့်ခံပွဲကျင်းပနိုင်မည်။ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူဟောင်းများလည်း အခွင့်ထူးဈေးနှုန်းဖြင့် အခန်းငှားပြီး လူမှုရေးပွဲလမ်းကျင်းပခွင့်ရမည်။

မြေအောက်အထပ်များတွင် စည်ကားသော "မော(လ်)" ဈေးတန်းရှိနေမည်။ လူတိုင်းဈေးဝယ်ခွင့်ရမည်။ ကျောင်းသား ကျောင်းသူ သို့မဟုတ် ကျောင်းသား ကျောင်းသူဟောင်းနှင့် ဆရာ ဆရာမများ အိုင်ဒီကတ်နှင့် ဈေးဝယ်လျှင် ၁၀ ရာခိုင်နှုန်း (လျှော့ဈေး)ကို ပြန်အမ်းမည့် ဈေးဆိုင်များဖြစ်မည်။ တစ်ခါတုန်းက တက္ကသိုလ်သမဝါယမအသင်းဆိုင် ဗိုလ်ချုပ်ဈေးတွင်ရှိခဲ့သည်။ အောင်မြင်သော သမဝါယမဖြစ်သည်။ ၁၉၆၄ ခုနှစ်တွင် ပြည်သူပိုင်သိမ်းခံရပြီး ပျက်သွားသည်။ ကျောင်းသား၊ ဆရာအကျိုးအတွက် အထူးရောင်းချပေးသော ဈေးဆိုင်နှင့် စားသောက်ဆိုင်တွေ တကာသအဆောက်အအုံထဲတွင် ရှိစေချင်သည်။

**ယခုခေတ်လိုအပ်ချက်များအတွက် ယခင်တကာသအဆောက်အအုံသည် သေးငယ်ပါသည်။ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် အခွင့်ကောင်းကြုံခိုက် တကာသအဆောက်အအုံ၏ အရွယ်အစားနှင့် ပုံစံဒီဇိုင်းကို စဉ်းစားသင့်ပါသည်။ စဉ်းစားကြရန် တိုက်တွန်းနှိုးဆော်ပါသည်။ ရန်ကုန်တက္ကသိုလ်သာမက တစ်နိုင်ငံလုံးကို ဂုဏ်ယူနိုင်သော အဆောက်အအုံကြီးကြီးဖြစ်စေလို . . .**

**၁၀ ထပ်၊ ၁၅ ထပ်မြင့်၊ ရှေးပုံစံလည်း အကျုံးဝင်ပါစေ**

လိုအပ်ချက်စုံစုံလင်လင်ဖြည့်ပေးနိုင်ဖို့ တကာသ အဆောက်အအုံသစ်သည် အထပ်မြင့် ၁၀ ထပ်၊ ၁၅ ထပ် ဖြစ်သင့်သည်။ သို့သော် အမြတ်တနိုးထားသော မူလ တကာသအဆောက်အအုံက ပါဝင်ဖို့ အဓိကဖြစ်သည်။

ခေတ်သစ်အဆောက်အအုံကြီးကြီးမားမားကို ရှေးဟောင်းမူရင်းပါဝင်အောင် ဘယ်လိုပေါင်းစပ်ပေးမည်နည်း။ ဗိသုကာအကျော်အမော်တို့ ဉာဏ်ကွန့်မြူးပေးရမည့်၊ ပညာစွမ်းပြရမည့် အခွင့်အခါကြီးဖြစ်ပါသည်။

**စိတ်ကူးနယ်ချဲ့ကြည့်ပါဦး**

တက္ကသိုလ်ရိပ်သာလမ်းမကြီး၏ အခြားတစ်ဖက်တွင် တက္ကသိုလ်များဆေးရုံတည်ရှိသည်။ ထိုဆေးရုံကို ၁၀ ထပ်၊ ၁၅ ထပ် အသစ်ဆောက်ပြီး တက္ကသိုလ်၏ သင်ကြားရေးဆေးရုံအဖြစ် မြန်မာပြည်၏ ခေတ်အမီဆုံးဆေးရုံ၊ ဆေးပညာ အဆင့်မြင့်ရာဌာန၊ ဆေးပညာဖြန့်ဝေရာဌာနအဖြစ် အဆင့်မြင့်ရန် စိတ်ကူးစေလိုသည်။ မလိုအပ်ဘူးလား။ ယခင်အစိုးရသက်တမ်းကုန်ခါနီးတွင် သူနာပြုတက္ကသိုလ်အနီး ကွက်လပ်မြေကို အဆင့်မြင့်ဆေးရုံအတွက် စင်ကာပူကုမ္ပဏီအား နှစ်ရှည်အငှားချထားခဲ့သည်။ ယခုတက္ကသိုလ်မြေပေါ်ရှိ တက္ကသိုလ်ဆေးရုံ (တက္ကသိုလ်ဆေးရုံဟုသုံးမှသာ အသုံးမြန်မာပီသပါသည်။ "များ" ထည့်စရာမလိုပါ။) ရှိပြီးကို အဆင့်မြှင့်ပြီး သင်ကြားရေးဆေးရုံအဖြစ် နိုင်ငံပိုင်လုပ်ဆောင်လျှင် ပိုပြီး မတင့်တယ်ပေဘူးလား။

စင်ကာပူအမျိုးသားတက္ကသိုလ် (NUS) တွင် သင်ကြားရေးတက္ကသိုလ်ဆေးရုံ (NUSH) သည် တက္ကသိုလ်နှင့်ကပ်လျက် တည်ရှိသည်။ ဆေးရုံထဲတွင် စားသောက်ဆိုင်တန်း (Food Court) တစ်ခုမက ဆေးဆိုင်၊ ဈေးဆိုင်တွေရှိသည်။ ဆေးရုံကို အနီးဆုံး မီးရထားဘူတာ၊ ကားမှတ်တိုင်များအရောက် ဥမင်လျှောက်လမ်းနှင့် ဆက်သွယ်ပေးထားသည်။ ကျွန်တော်တို့လည်း စဉ်းစားချိန်တန်နေပြီ။ မြေနေရာက ရှိနေသည်။ ထိုက်ထိုက်တန်တန်သုံးဖို့ စဉ်းစားရပါမည်။

**ဘယ်လိုစီမံကြမည်လဲ**

ရှေးဟောင်းမူလအဆောက်အအုံလည်း အကျုံးဝင်ပြီး ခေတ်မီသော ကြီးကြီးမားမား အဆောက်အအုံကို ဘယ်လိုတည်ဆောက်ကြမည်လဲ။ ပုံစံထုတ်ဖို့ ဗိသုကာကိစ္စဖြစ်ပါသည်။ ပညာကြွယ်သော ဗိသုကာအဖွဲ့ကို ရှာရပါမည်။

တခြားနိုင်ငံများ၊ အထူးသဖြင့် တက္ကသိုလ်များတွင် ရှေးဟောင်းကို ထိန်းသိမ်းပြီး အသစ်တွေတိုးချဲ့သော အတွေ့အကြုံများရှိပါသည်။ အတုယူစရာတွေရှိပါသည်။ ပုံတူကူးစရာမရှိပါ။ ကိုယ်ပိုင်ပုံစဉ်းစားဖော်ထုတ်ရန် ဖြစ်ပါသည်။

**စာရေးသူအိပ်မက်မက်နေသလား**

စာရေးသူအိပ်မက်မက်နေသည်ဟု စာဖတ်သူအချို့ထင်လိမ့်မည်။ ဟုတ်ပါသည်။ ယခုအဆင့်မှာ စာရေးသူ၏အိပ်မက်ဖြစ်ပါသည်။ သို့သော် ကာကွယ်ရေးသုတေသနရှေ့ဆောင်အဖြစ် ထင်ရှားရာမှ လူမှုပြုပြင်ရေးရှေ့ဆောင်လုပ်နေရင်း အိန္ဒိယနိုင်ငံ၏သမ္မတဖြစ်လာသူ အဗ္ဗဒူကလမ်၏ ပြောစကားကို ကျွန်တော်ကိုးကားပြီး အိပ်မက်မက်တာ အကျိုးမယုတ်ပါဟု ပြောပါရစေ။

> **"အိပ်မက်၊ အိပ်မက်၊ မက်လိုက်စမ်းပါ အိပ်မက်၊**
> **အိပ်မက်က အကြံဖြစ်၊**
> **အကြံရမှ အလုပ်ဖြစ်တယ်မဟုတ်လား။"**
> **"Dream, Dream, Dream**
> **Dreams transform into thoughts**
> **And thoughts result in action".**

**A.P.J Kalam**

စာမျက်နှာ ၈ မှ

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | ၁,၂၈၂,၂၈၅ | | | ၇၇၈,၄၇၇ | | | | | ၂,၀၆၀,၆၈၂ |
| | | ပေါင်း | | ၁,၂၈၂,၂၈၅ | | | ၇၇၈,၄၇၇ | | | | | ၂,၀၆၀,၆၈၂ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ခုနှစ်ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သုံးငွေပေါင်း | မိမိဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းသုံးရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | | | | | | | | | | ၁,၃၃၈,၁၀၀ | ၁,၃၃၈,၁၀၀ |
| ၂ | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | ၂၃,၅၇၆,၀၀၂ | | | | | | | | ၂၃,၅၇၆,၀၀၂ | | ၂၃,၅၇၆,၀၀၂ |
| ၃ | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃,၈၄၆,၀၀၅ | | | ၂၃,၃၂၁,၇၇၉ | | ၂,၅၀၀,၀၀၀ | | | ၂၇,၀၇၃,၀၉၄ | ၁,၈၈၁,၀၀၃ | ၂၈,၉၅၄,၀၉၇ |
| ၄ | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၅၇,၂၇၇ | | | ၉,၃၇၂ | | | | | ၆၆,၉၈၆ | ၆,၀၀၇,၅၈၃ | ၆,၀၇၄,၅၆၉ |
| ၅ | ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄,၅၉၃,၈၅၆ | | | ၂၀,၃၇၅,၅၅၀ | | | | | ၂၄,၉၇၃,၃၀၆ | ၁၃၅,၀၇၇,၃၀၉ | ၁၆၀,၀၈၀,၈၂၅ |
| ၆ | ၆ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁,၂၈၃,၇၀၄ | | | ၈၄,၁၈၄,၅၀၀ | | | | | ၂၇,၀၂၁,၅၆၀ | ၂၆၄,၉၈၄ | ၂၇,၂၈၆,၅၄၄ |
| ၇ | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၁,၂၈၆,၉၄၄ | | | ၄၄၃,၁၀၃ | | | ၆,၅၀၀,၀၀၀ | | ၆,၂၇၄,၄၆၀ | | ၆,၂၇၄,၄၆၀ |
| | | ပေါင်း | | ၉၉,၁၇၁,၁၁၉ | | | ၅၅,၇၀၅,၀၉၉ | | ၂,၅၀၀,၀၀၀ | ၆,၅၁၀,၀၀၀ | | ၁၆၃,၈၈၆,၂၁၈ | ၁၄၆,၆၄၂,၀၉၀ | ၃၁၀,၅၂၈,၃၀၈ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃,၀၂၁,၃၈၇ | | | ၁၀၉,၆၃၂,၈၀၆ | ၂၈,၀၇၇,၇၇၀ | ၈,၁၂၇,၅၉၇ | | | ၁၄၈,၈၅၅,၀၇၀ |
| ၂ | ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | | ၃,၆၇၈,၂၇၈ | | | | | ၃,၆၇၈,၂၇၈ |
| | | ပေါင်း | | ၃,၀၂၁,၃၈၇ | | | ၁၁၃,၃၁၁,၀၈၄ | ၂၈,၀၇၇,၇၇၀ | ၈,၁၂၇,၅၉၇ | | | ၁၅၂,၅၃၃,၃၄၈ |

## ဘဏ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဘဏ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၈၃,၅၈၆ | | | | | | | | ၈၃,၅၈၆ |
| | | ပေါင်း | | ၈၃,၅၈၆ | | | | | | | | ၈၃,၅၈၆ |

စာမျက်နှာ ၁၁ သို့

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် ***"တက်ကြွအားသွန်နိုင်ငံ့ဝန်၌"*** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# တိုင်းရေအတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် သဘာဝဘေးဒဏ်ကာကွယ်ပေးမည့် ရေငန်တားတာများ တည်ဆောက်ပြုပြင်

သတင်းဆောင်းပါး
သီသီမင်း၊ မင်းသစ်
ဓာတ်ပုံ - နေလင်း



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့်ငပုတောမြို့နယ်တို့တွင် စပါးစိုက်လယ်မြေများအတွင်း ဆားငန်ရေမဝင်ရောက်နိုင်စေရန်နှင့် အင်အားကြီးမားသည့် မုန်တိုင်းဒဏ်မှ ထိုက်သင့်သည့် ကာကွယ်မှုမျိုးရရှိစေရန် ရည်ရွယ်ပြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ရေငန်တားတာပြုပြင်ခြင်းလုပ်ငန်းများ၊ ရေထိန်းတံခါးအသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေရရှိမှုပေါ် မူတည်ပြီး နှစ်အလိုက်ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းအပိုင်းလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၀၈ ခုနှစ် မေလက နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် ပင်လယ်ဒီရေထူးကဲစွာ တက်ရောက်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကွင်းပတ်တာ၊ ရေငန်တား တာတမံ ၃၄ ခုနှင့် ရေတံခါး ၁၄ ခု ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

လပွတ္တာခရိုင်နှင့် ပုသိမ်ခရိုင်အတွင်းရှိ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ရေငန်တား တာတမံများကို မူလဒီဇိုင်းပုံစံကျ အခိုင်အမာပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယခင် ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ တည်ဆောက်ရေး(၁) ဆည်မြောင်းဦးစီးဌာနက ရေငန်တားတာ ၁၄ ခု ပြုပြင်ခြင်းများဆောင်ရွက်ခဲ့ပြီး ထိုမှတစ်ဆင့် တည်ဆောက်ရေး(၉)မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် လွှဲပြောင်းယူခဲ့ကာ တာပုံစံကျ အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရေငန်တား တာတမံပုံစံကျပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းအပိုင်း ခုနစ်ခု ဆောင်ရွက်ရန်လျာထားရာ ဦးစားပေးလုပ်ငန်းအနေဖြင့် လပွတ္တာမြို့နယ်ရှိ ဘီတွဒ်ကွင်းအပိုင်း(၂)၊ လပွတ္တာမြောက်ကွင်းတာနှင့်ငပုတောမြို့နယ်ရှိ အလယ်ကွင်း(၂)တာများ၏ ပျက်စီးမှုများသည့်နေရာများကို ဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး မိုးမကျမီပွင့်လင်းရာသီတွင် လုပ်ငန်းများအားလုံး အပြီးသတ်လုပ်ဆောင်ရန် တည်ဆောက်ရေး(၉)မှ တာဝန်ယူကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

"ဒီတာတွေက ၁၉၈၁ ခုနှစ်လောက်က ကမ္ဘာ့ဘဏ်ချေးငွေနဲ့ (စပါး-၁၊ စပါး-၂) စီမံကိန်းကာလက လုပ်ခဲ့တဲ့တာတွေပါ။ နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားတဲ့အပိုင်းတွေကို ဆက်လက်ပြီး ပုံစံကျဖြစ်အောင် ဆည်မြောင်းဌာနရဲ့ ဒီဇိုင်းပုံထုတ်ဌာနခွဲက ပုံစံထုတ်ထားတဲ့ တာဒီဇိုင်းပုံစံတွေနဲ့ JICAက အကြံပြုထားတဲ့ တာအမြင့်ရရှိအောင် တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ကလည်း စက်ယန္တရားအကူအညီတွေပေးတဲ့အပြင် သူတို့ရဲ့ နည်းပညာအရ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေအတိုင်း တာပုံစံရရှိအောင်လည်း အရည်အသွေးစစ်ဆေးရေးအဖွဲ့တွေနဲ့ စစ်ဆေးပြီး တာတွေ ရေရှည် တောင့်တင်းခိုင်မာမှုရရှိအောင် ဆောင်ရွက်နေပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉) လပွတ္တာရေငန်တားတာတည်ဆောက်ရေးတာဝန်ခံ ဦးစီးအရာရှိ ဦးတင်မိုးကျော်က ပြောသည်။

လယ်ဧက ၆၈၀၀ ကျော်ကို ရေငန်ဝင်ရောက်မှုမှ တားဆီးနိုင်မည့် ဘီတွဒ်ကွင်း(၂) ရေငန်တားတာကို ၂၀၁၃-၂၀၁၄ ခုနှစ်က တာအလျား ၁၃ မိုင်ခန့်ကို ၄၀ ရာခိုင်နှုန်း ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် ကျန်ရှိသည့် တာအလျား ခုနစ်မိုင်ကို ဆက်လက်၍ တာထပ်မံမြှင့်တင်ရန်လိုအပ်သည့် တာအလျား ၁၃ မိုင်ကို တာဖို့ခြင်း၊ တာမြှင့်ခြင်း၊ ရေစီးရေလာကောင်းမွန်ရန် ချောင်းကော၊ မြောင်းကောများ တူးဖော်ခြင်း၊ မိုးရာသီတွင် တာအခြေ ရေတိုက်စားမှုမှကာကွယ်ရန်အတွက် လှိုင်းကာတန်းရိုက်ခြင်းလုပ်ငန်း၊ သောက်ရေကန်တူးဖော်ခြင်းလုပ်ငန်းနှင့် ရေတံခါးအသစ်တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အတော်အသင့်ပြီးစီးနေပြီဖြစ်သည်။

"စပါးကတစ်ရာသီပဲစိုက်လို့ရတယ်။ ဒီမှာက ဆည်မရှိဘူးလေ။ တာအတွင်းမှာရှိတဲ့ ရေချိုမြောင်းထဲက ရေနဲ့ပဲစိုက်ရတာ။ ရေချိုကိုအားပြုပြီး စပါးစိုက်ရတာ။ နှစ်လပိုင်း၊ သုံးလပိုင်းလောက်ဆို ရေငန်က အငွေ့ရိုက်နေပြီ။ တာထဲမှာလည်း ရေကနည်းသွားပြီ။ နွေစပါးစိုက်ဖို့မရတော့ဘူး။ မိုးရေကိုအားပြုရတာ။ စပါးကတော့ တစ်ရာသီပဲ။ ပဲတီစိမ်းတော့ လူတိုင်းလိုလိုစိုက်ကြတယ်။ တာပေါင်တွေဖို့လိုက်တော့ သဘာဝဘေးဒဏ်တွေကို ခံနိုင်တာပေါ့။ နာဂစ်တုန်းက ဒီဒေသက အသေအပျောက်အများဆုံးပဲ။ ရွာရဲ့သွားရေးလာရေးလည်း ကောင်းသွားတယ်"ဟု ဘီတွဒ်ကွင်း(၂)ရှိ လေးအိမ်တန်းကျေးရွာမှ ဦးမောင်ကြည်ကပြောသည်။

လပွတ္တာမြောက်ကွင်းတာတွင် တာပုံစံကျပြုပြင်ခြင်းများနှင့်စပ်လျဉ်းပြီး လက်ထောက်ဦးစီးမှူး ကိုမြတ်မိုးက "ရေတံခါးက သက္ကယ်သောင်မြစ်က ရေငန်တွေကို မဝင်အောင်ထိန်းတာပါ။ နဂိုရှိပြီးသား တာတွေက နှစ်တွေကြာလာတဲ့အတွက် နိမ့်လာပြီး အရင်တုန်းကတာကိုပဲထပ်ပြီး တာမြှင့်ဖို့ လုပ်တာပေါ့။ ရေထိန်းတံခါးက မရမ်းမြောက်၊ မရမ်းတောင်ဆိုပြီး နှစ်ခုရှိတယ်။ ကပ်လျက်ပဲ။ ပေ ၅၀၀ ပဲကွာတယ်။ နှစ်ခုစလုံး လေးပေ ငါးပေါက်ပါ။ မိုးတွင်းကာလ သဘာဝရဲ့ရာသီဥတုဒဏ်ကြောင့် ရေငန်တွေ ကျော်မတက်နိုင်အောင် တာပေါင်တွေကို ထပ်ဆောင်းပြီး လက်ရှိတာအမြင့် (R.L) ခြောက်ပေကနေ သတ်မှတ်ထားတဲ့တာအမြင့် (R.L) ၁၁ ပေ အထိဖြစ်အောင် JICAက သတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း ပြုပြင်နေတယ်" ဟု ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရရှိရန်ပုံငွေဖြင့် ငပုတောမြို့နယ် အလယ်ကွင်း(၂) တာအတွင်းရှိ လယ်ဧက ၈၀၀၀ ကျော်ကို ရေငန်ဝင်ရောက်မှုမှ တားဆီးကာကွယ်နိုင်ရန် တာဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ချောင်းကော၊ မြောင်းကောများ တူးဖော်ခြင်း၊ မိုးရာသီတွင် တာအခြေအားရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် လှိုင်းကာတန်းရိုက်ခြင်းလုပ်ငန်း၊ သောက်ရေကန်တူးဖော်ခြင်းလုပ်ငန်းနှင့် ရေတံခါး တစ်လုံး ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

"ပြီးစီးမှုက အလယ်ကွင်း(၁)နဲ့ အလယ်ကွင်း(၂)ကို လုပ်တဲ့နေရာမှာ အလယ်ကွင်း(၁)က ၂၀၁၄-၂၀၁၅ က ရန်ပုံငွေနဲ့လုပ်ခဲ့ပြီး ယခု၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ရန်ပုံငွေအရ နိုဝင်ဘာလဆန်းကတည်းက လုပ်ငန်းတွေစတင်ဆောင်ရွက်ခဲ့တဲ့ အလယ်ကွင်း(၂)က အခုဆို ၆၀ ရာခိုင်နှုန်းလောက်ပြီးပါပြီ" ဟု တည်ဆောက်ရေး(၉)မှ အလယ်ကွင်း(၂) တာတည်ဆောက်ရေးမှ ဦးစီးမှူး ဦးကြည်သိန်းက ပြောသည်။

"ဒီဒေသမှာက လယ်ထဲ ရေငန်တိုးတဲ့အခါကျတော့ စပါးစိုက်မရဘူး။ စပါးဆိုတာ ရေငန်ကြောက်တဲ့ အမျိုးအစားကိုး။ ၁၉၈၁ ခုနှစ်လောက်မှာ ကမ္ဘာ့ဘဏ်က တာလာဖို့တော့ အရင်ကလယ်ဧက ၂၀၀၀ ကနေ ၁၀၀၀၀ ကျော်လောက် တိုးစိုက်လာကြတယ်။ ရေချိုရလာတော့ စပါးအထွက်လည်း ပိုလာတာပေါ့။ ဒါပေမယ့် နာဂစ်ဖြစ်ပြီး တာတွေလည်းကျိုးသွားတယ်။ ရေငန်တွေဝင်လို့ စပါးစိုက်တာလည်း အထွက်နှုန်းမကောင်းတော့ဘူး။ အခု တာတွေ ပြင်နေတယ်ဆိုတော့ နောင်နှစ်တော့ စပါးအထွက်နှုန်းကောင်းလာမယ်"ဟု အလယ်ကွင်း(၂) သက္ကယ်သောင်ကျေးရွာမှ လယ်သမားကြီး ဦးလှမျိုးက ပြောသည်။

"ရေငန်တားတာတွေအတွင်းမှာ ကျေးရွာတွေရှိတယ်။ တာတွေကသာ သဘာဝဘေးအန္တရာယ်ကို အကာအကွယ်ပေးနိုင်တာ။ ထူးကဲဒီရေတက်တာတွေကို အကာအကွယ်ပေးနိုင်မယ်ဆိုရင် ကျေးရွာတွေမှာရှိတဲ့ လူတွေရဲ့ အသက်အိုးအိမ်တွေ လုံခြုံစိတ်ချရတဲ့အနေအထားဖြစ်သွားမယ်"ဟု တောင်သူဦးလှမျိုးက ပြောသည်။



နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည့် ရေငန်တားတာများသည် ၁၉၈၁ ခုနှစ်က ကမ္ဘာ့ဘဏ်ချေးငွေဖြင့်တည်ဆောက်ခဲ့ပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ(JICA)က နာဂစ်မုန်တိုင်းဖြစ်ပြီးနောက်ပိုင်း ၂၀၀၉- ၂၀၁၀ ခုနှစ်တွင် လပွတ္တာမြောက်ကွင်းများကို တာပုံစံတကျဖြစ်အောင် ပြုပြင်ခြင်းလုပ်ငန်းများကို (Pilot Project)အနေဖြင့် စတင်ဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၂- ၂၀၁၃ ခုနှစ်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှု ဦးစီးဌာနနှင့် JICA တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး JICA မှ ရေငန်တားတာမြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနသို့

**စာမျက်နှာ ၁၁ ကော်လံ ၆ သို့** ❐

စာမျက်နှာ ၉ မှ

နေပြည်တော်ကောင်စီ

ဇယား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာရေး အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ချေးငွေ | | | | |
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရရှိငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၃,၉၅၂.၅၆၈ | | | | | ၃,၉၅၂.၅၆၈ |
| | | | ပေါင်း | | | | ၃,၉၅၂.၅၆၈ | | | | | ၃,၉၅၂.၅၆၈ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၈)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာရေး အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ချေးငွေ | | | | |
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရရှိငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၃,၀၉၅.၅၃၈ | ၄,၁၈၀.၈၃၂ | | | | | ၇,၂၇၆.၃၇၀ |
| | | | ပေါင်း | | | ၃,၀၉၅.၅၃၈ | ၄,၁၈၀.၈၃၂ | | | | | ၇,၂၇၆.၃၇၀ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၉)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာရေး အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ချေးငွေ | | | | |
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရရှိငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများ တွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃၅,၅၈၅.၃၃၈ | | | ၃၂၉.၀၅၄ | | | | | ၃၅,၉၁၄.၃၉၂ |
| | | | ပေါင်း | ၃၅,၅၈၅.၃၃၈ | | | ၃၂၉.၀၅၄ | | | | | ၃၅,၉၁၄.၃၉၂ |

❒ တိုင်းဒေသကြီးမှ

စက်ယန္တရား ၄၁ စီး ထောက်ပံ့ပေးခဲ့သည်။

"နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားတဲ့ ရေငန်တားတာတွေရဲ့ ပုံစံကျအခိုင်အမာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်ဖို့ JICA က စက်ယန္တရား အကူအညီပေးခဲ့တယ်"ဟု တာဝန်ခံအရာရှိ ဦးတင်မိုးကျော် ကပြောသည်။

ယခု ဆောင်ရွက်လျက်ရှိသည့် ကျွန်းပတ်တာနှင့် ရေငန်တားတာများ ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးလပွတ္တာနှင့် ပုသိမ်ခရိုင်အတွင်းရှိ လယ်မြေဧက ၉၇၆၀၀ ကျော်ကို ရေငန်ဝင်ရောက် နစ်မြုပ်ခြင်းနှင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

ထို့ပြင် နွေရာသီတွင် ကျွန်းအတွင်းရှိ ရေချိုမြောင်းများအတွင်းမှ ရေများကို အသုံးပြု၍ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်မည်ဖြစ်သည်။ တာပေါင်များကို ကျေးရွာချင်းဆက် လမ်းများအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကာ တစ်ရွာနှင့်တစ်ရွာ လွယ်ကူစွာသွားလာနိုင်ပြီး ကျွဲ၊ နွား၊ လယ်ယာထွက်ကုန်ပစ္စည်းများကို သယ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒေသခံတောင်သူများ၏ ဝင်ငွေများ ပိုမိုတိုးတက်ရရှိပြီး ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

# မီးဘေးသင့် အိမ်ထောင်စုများအား စားသောက်ကုန်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာတွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၂ နာရီခန့်က ကော်ဘီရာမောက်၏ နေအိမ်မှ စတင်၍ မီးလောင်ကျွမ်းခဲ့ရာ နေအိမ် ရှစ်လုံးနှင့် ဈေးဆိုင်ခန်း ကိုးခန်း မီးလောင်ကျွမ်းခဲ့ပြီး ၎င်း၏သား နှစ်ဦး မီးလောင်သေဆုံးခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးဘေးသင့်အိမ်ထောင်စုများအား ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရဲတပ်ဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များက အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၅၀ တို့အတွက် စားသောက်ကုန်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၆၂၉၀၀၀ ခန့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။**(သတင်းစဉ်)**





# တိုက်ပွဲရှောင်ပြည်သူများ မုံးကိုးမြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင်မှုများ ဆက်လက်စိစစ်လက်ခံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ဒေသအတွင်း KIA/ TNLA/ MNDAA/ AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ၍ တိုက်ပွဲရှောင်နေကြသည့် ဒေသခံပြည်သူများသည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီခန့်မှစတင်၍ မုံးကိုးမြို့သို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ နယ်စပ်ဝင်ပေါက်ဂိတ်၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျစစ်ဆေးလက်ခံလျက်ရှိကြောင်း သိရသည်။

ထိုသို့စိစစ်လက်ခံလျက်ရှိရာ ယနေ့တွင် မုံးကိုးမြို့ရှိ ရပ်ကွက်အသီးသီးနှင့် ကျေးရွာများမှ အိမ်ထောင်စု ၈၉ စု၊ ကျား ၂၇၃ ဦး၊မ ၂၃၄ ဦး စုစုပေါင်း ၅၀၇ ဦးအား စိစစ်လက်ခံခဲ့ပြီး ယနေ့အထိ အိမ်ထောင်စု ၂၂၄၇ စု၊ ကျား ၄၈၂၁ ဦး၊ မ ၅၀၅၂ ဦး စုစုပေါင်း ၉၈၇၃ ဦးတို့ကို စိစစ်လက်ခံနိုင်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့က UAV များဖြင့် သတင်းထောက်လှမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်း အခြေပြုနေရာသို့ KIA လက်နက်ကိုင်အဖွဲ့က UAV များ အသုံးပြု၍ ယမန်နေ့နံနက် ၁၀ နာရီခန့်မှ မွန်းလွဲ ၁ နာရီခွဲခန့်အတွင်း ဝေဟင်မှ သတင်းထောက်လှမ်းခဲ့ရာ တပ်မတော်စစ်ကြောင်းက လက်နက်ငယ်ဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သဖြင့် UAV သုံးစင်း ကောင်းကင်၌ ပေါက်ကွဲပျက်စီးကာ ကျန်တစ်စင်းမှာ လက်နက်ငယ်ကျည်ထိမှန်မှုကြောင့် ပျက်ကျပြီး သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ UAV အား စစ်ဆေးရာ ဖောက်ခွဲတိုက်ခိုက်ရန် TNT ယမ်းထုပ်များ တပ်ဆင်ထားပြီး ဘက်ထရီ သုံးလုံး၊ အလိုအလျောက်ပျံသန်းမှုစနစ် တစ်ခု၊ ကင်မရာ တစ်လုံး၊ မော်တာ ငါးခု၊ GPS တစ်ခု၊ Auto Pilot Sensor တစ်ခုတို့ပါရှိသည်ကို ကနဦးစစ်ဆေးတွေ့ရှိရပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# Miss World အလှမယ်ပြိုင်ပွဲကျင်းပပြီးစီး

ကမ္ဘာ့သက်တမ်းအရင့်ဆုံး နိုင်ငံတကာအလှမယ်ပြိုင်ပွဲများအနက် တစ်ခုအပါအဝင်ဖြစ်သည့် Miss World အလှမယ်ပြိုင်ပွဲကြီးကို (၆၆) ကြိမ်မြောက်အဖြစ် ဒီဇင်ဘာ ၁၈ ရက်က အမေရိကန်နိုင်ငံ MGM National Harbor ၌ ကျင်းပခဲ့ရာ ပေါ်တိုရီကိုနိုင်ငံကိုယ်စားပြု အလှမယ် စတစ်ဖန်နီဒဲလ်ဗယ်လီက Miss World 2016 အလှမယ် သရဖူကို ဆွတ်ခူးခဲ့သည်။

Miss World 2016 အလှမယ်ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ပြိုင်ပွဲဝင်ပေါင်း ၁၁၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး 1st Runner-Up ဆုကို ဒိုမီနီကန်ရီပတ်ဘလစ်နိုင်ငံကိုယ်စားပြုအလှမယ် ယာရစ်ဇာရေးယက်စ်ကလည်းကောင်း၊ 2nd Runner-Up ဆုကို အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားပြုအလှမယ် နာတာရှာမန်နူရယ်လာကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

Miss World 2016 သရဖူပိုင်ရှင် အသက်(၁၉)နှစ်အရွယ် အလှမယ် စတစ်ဖန်နီ ဒဲလ်ဗယ်လီသည် ဥပဒေနှင့် ဆက်သွယ်ရေး ကျောင်းသူတစ်ဦးဖြစ်ပြီး မော်ဒယ်လုပ်ငန်းနှင့် အလှမယ်တစ်ဦးအဖြစ်လည်း အသက်မွေးလျက်ရှိသူဖြစ်သည်။ သူသည် စပိန်၊ အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားသုံးမျိုးကို ကျွမ်းကျင်သူဖြစ်သည်။ ယခုလို ကမ္ဘာ့အလှမယ်သရဖူဆောင်းခွင့်ရခဲ့ခြင်းအတွက် ဂုဏ်ပြုမှုနှင့်အတူ ကြီးမားသည့် တာဝန်တစ်ရပ်ကိုပါ လက်ခံရလိုက်ခြင်းဖြစ်ကြောင်း အလှမယ်က ပြောကြားခဲ့သည်။

**(မျိုးစန္ဒာမောင်)**




# Running Man ကို နှုတ်ဆက်ခဲ့ရတဲ့အတွက် ဝမ်းနည်းစကားဆိုလာတဲ့ ဆောင်းဂျီဟို

မင်းသမီး ဆောင်းဂျီဟိုဟာ လတ်တလောမှာ တောင်ကိုရီးယားရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ Running Man ကနေ နှုတ်ထွက်လိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် အင်တာဗျူးတစ်ခုမှာ ယခုလိုနှုတ်ထွက်ခဲ့ရတဲ့အတွက် သူ့အနေနဲ့ အလွန်ပင်ဝမ်းနည်းရကြောင်းလည်း သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ OSEN နဲ့ အင်တာဗျူးတစ်ခုမှာ ဆောင်းဂျီဟိုရဲ့ အေဂျင်စီက ဆောင်းဂျီဟိုအနေနဲ့ အဆိုပါရုပ်သံအစီအစဉ်ကို အလွန်ပင်ချစ်မြတ်နိုးသူတစ်ဦးဖြစ်ကြောင်းနဲ့ ခုနှစ်တာကာလအတွင်း မိသားစုသဖွယ်ဖြစ်နေပြီဖြစ်တဲ့ Running Man ဝိုင်းတော်သားတွေကို နှုတ်ဆက်ခဲ့ရတဲ့အတွက် အလွန်ပင် စိတ်မကောင်းဖြစ်နေကြောင်းလည်း ဆိုပါတယ်။ ဒါ့အပြင် မင်းသမီးဟာ အဆိုပါအစီအစဉ်ကနေ နှုတ်ထွက်ခဲ့ရကြောင်းကြားသိရပြီးနောက် အဆက်အသွယ်တွေအားလုံးကို ဖြတ်တောက်ခဲ့ပြီး မျက်လုံးတွေကျွတ်ထွက်မတတ် ငိုကြွေးခဲ့တယ်လို့လည်း သူ့ရဲ့အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အဆိုပါ Running Man ရုပ်သံအစီအစဉ်ကနေ ကြိုတင်အကြောင်းကြားခံရခြင်းမရှိဘဲ ပင်တိုင်အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ ဆောင်းဂျီဟိုနဲ့ ကမ်ဂျုံကွတ်ခ်တို့နှစ်ဦးဟာ တစ်ဖက်သတ်ဖယ်ထုတ်ခြင်းခံခဲ့ရတာဖြစ်ပြီး နောက်ပိုင်းမှာ အစီအစဉ်သစ်အတွက် ပုံစံအသစ်နဲ့ တင်ဆက်သွားမှာဖြစ်တာကြောင့် ယခုလိုထုတ်ပယ်ခံခဲ့ရတာဖြစ်ကြောင်း သိရပါတယ်။ ယင်းဖြစ်ရပ်ကြောင့် ဝေဖန်မှုများစွာကို ခံနေရတဲ့အဆိုပါအစီအစဉ်ကို လာမယ့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိသာ ထုတ်လွှင့်သွားမှာဖြစ်ပြီး အဲဒီနောက်မှာတော့ အပြီးတိုင် ဖျက်သိမ်းလိုက်ရန် စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်မှုအနုပညာပြပွဲပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရိုးရာပန်းဆယ်မျိုး ပညာရပ်များဖြင့် ဖန်တီးလုပ်ကိုင်ထားသည့် မြန်မာ့လက်မှုအနုပညာပစ္စည်းများပြပွဲကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်များတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာ့လက်မှုအနုပညာအသင်းဥက္ကဋ္ဌ ဦးသာဓုထံမှ သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ထွက်ရှိသည့် သစ်၊ ဝါး၊ ကြိမ်၊ ဗေဒါ၊ ကနုကမာ၊ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဝါ၊ သံ၊ သွပ်၊ ခဲမဖြူ အပါအဝင် အရည်အသွေးနိမ့် တွင်းထွက်ပစ္စည်းများနှင့် ချည်ထည်၊ ပိုးထည်၊ ရွှံ့စေးမြေ၊ ပလာစတာ၊ အင်္ဂတေစသည့် ကုန်ကြမ်းများကို ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်ပေါင်းစပ်ကာ ရှေးပဝေသဏီကတည်းက လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်လာကြသည့် ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းရန်၊ ပန်းပု၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း စသည့် ပညာရပ်များဖြင့် ဖန်တီးထားသည့် လက်မှုအနုပညာပစ္စည်းများကို ခင်းကျင်းပြသသွားမည် ဖြစ်သည်။

အဆိုပါပြပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင်ပြုလုပ်မည့် မြန်မာ့လက်မှုအနုပညာအသင်း၏ နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ပြုလုပ်မည်ဖြစ်ပြီး စောင်းအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် စတင်မည်ဖြစ်သည်။

"ကျွန်တော်တို့အသင်းအနေနဲ့ ဒီပွဲမှာအခြေခံပန်းဆယ်မျိုးပညာရပ်နဲ့ မြန်မာ့လက်မှုအနုပညာပစ္စည်းတွေကို ခင်းကျင်းတင်ပြထားမယ်။ ရောင်းချမယ်။ အဲဒီအတွက် ညီနောင်အသင်းတွေရော၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုရော၊ နေပြည်တော်မှာရှိနေတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုရော ဖိတ်စာတွေ ပို့ထားပါတယ်။ ဒီအခမ်းအနားကြီးကို အခမ်းအနားဆုံးဖြစ်အောင် မြန်မာ့လက်မှုပစ္စည်းအမယ်စုံနဲ့ ပြသမှာပါ။ ပန်းဆယ်မျိုး လက်မှုအနုပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းသေးသေးလေးကအစ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မည်သူမဆို လာရောက်ကြည့်ရှုအားပေးပြီး ဘက်ပေါင်းစုံကနေ အကြံဉာဏ်များလည်းပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ဦးသာဓုက ပြောကြားသည်။

အဆိုပါလက်မှုအနုပညာပြပွဲကို မြန်မာ့လက်မှုအနုပညာပစ္စည်းများအားစုစည်းပြီး ပြည်တွင်းနှင့် နိုင်ငံတကာ ဈေးကွက်များသို့ "မြန်မာပြည်တွင်လုပ်သည်"ဟူသော ဂုဏ်ဒြပ်ဖြင့် အရှိန်အဟုန်မြှင့်တင်ကာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန်၊ နိုင်ငံတကာပြပွဲများ၌ မြန်မာပြခန်းများ ခမ်းနားထည်ဝါစွာ တည်ဆောက်ပြီး အမျိုးအစားစုံလင်စွာဖြင့် အရေအတွက်များများ ခင်းကျင်းပြသနိုင်ရန် ဟူသောရည်ရွယ်ချက်များဖြင့် မြန်မာ့လက်မှု အနုပညာအသင်းက ဒုတိယအကြိမ်မြောက် ခင်းကျင်းပြသခြင်းဖြစ်ကြောင်း သိရသည်။

**မိုးမို့(ကြေးမုံ)**

# "Pirates of the Caribbean" ရုပ်ရှင်သစ်မှာ ပါဝင်ထားတဲ့ ကီရာနိုက်တ်လေ

နောင်ထွက်ရှိမယ့် "Pirates of the Caribbean" ရုပ်ရှင်ရဲ့ ပဉ္စမမြောက် ရုပ်ရှင်သစ်မှာ မင်းသမီး ကီရာနိုက်တ်လေ ပြန်လည်ပါဝင်သရုပ်ဆောင်ထားကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဗြိတိန်ကြယ်ပွင့် ကီရာနိုက်တ်လေဟာ ရုပ်ရှင်သစ် "Pirates of the Caribbean: Dead Men Tell No Tales" မှာ ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါရုပ်ရှင်ကို လာမယ့်နွေရာသီအမီ ထုတ်လွှင့်နိုင်ရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။



အဆိုပါရုပ်ရှင်မှာ ကီရာနိုက်တ်လေဟာ ယခင်ရုပ်ရှင်တွေမှာ ပါဝင်ခဲ့တဲ့ သူ့ရဲ့ဇာတ်ကောင် အယ်လိဇဘတ်စွမ်းန်နေရာကနေပဲ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းဖြစ်ကာ သူ့ရဲ့ရိုက်ကူးရေးလုပ်ငန်းတွေကို လျှို့ဝှက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။ ယခင်ရိုက်ကူးခဲ့တဲ့ "Pirates of the Caribbean" ရုပ်ရှင်အတွက် အော်စကာဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့တဲ့ ကီရာနိုက်တ်လေဟာ ယခုရုပ်ရှင်သစ်မှာလည်း တွဲဖက်သရုပ်ဆောင်နေကျ ဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ဂျွန်နီဒပ်၊ အော်လန်ဒိုဘလွန်းတို့နဲ့အတူ ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

ယခုထွက်ရှိမယ့် ရုပ်ရှင်သစ်မှာ ဗီလိန်ဇာတ်ကောင်သစ်တစ်ဦးလည်းပါဝင်လာမှာဖြစ်ပြီး ယင်းဇာတ်ကောင်ဟာ မြေထဲပင်လယ်အတွင်းကြီးစိုးလိုတာကြောင့် ယင်းပင်လယ်အတွင်းမှာ လှုပ်ရှားနေကြတဲ့ ဂျက်စပဲရိုးအပါအဝင်အခြားသော ပင်လယ်ဓားပြတွေကို သုတ်သင်ရှင်းလင်းသွားလိုတဲ့သူတစ်ဦးဖြစ်ကြောင်းလည်း သိရပါတယ်။

"Pirates of the Caribbean: Dead Men Tell No Tales" ကို လာမယ့် ၂၀၁၇ ခုနှစ် မေ ၂၆ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာ ဖြစ်ပါတယ်။

# ကြိုတင်မှာယူမှုအများဆုံးဖြစ်လာတဲ့ TWICE ရဲ့ ခရစ္စမတ်တေးအယ်လ်ဘမ်

တောင်ကိုရီးယား အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ TWICE ရဲ့ လာမယ့်ခရစ္စမတ်အတွက် ရည်ရွယ်ထုတ်လုပ်ခဲ့တဲ့ တေးအယ်လ်ဘမ်ဟာ တေးအယ်လ်ဘမ်မထွက်ရှိမီ ကြိုတင်မှာယူမှုအများဆုံးရရှိခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်လာကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

TWICE ရဲ့ တတိယမြောက် မီနီတေးအယ်လ်ဘမ် "TWICEcoaster: Lane1" ကို ခရစ္စမတ်အတွက် ပြန်လည်ဆန်းသစ်ထုတ်လွှင့်မယ့် အဆိုပါတေးအယ်လ်ဘမ်ဟာ တေးအယ်လ်ဘမ်မထုတ်လွှင့်မီကတည်းက တေးအယ်လ်ဘမ်ပေါင်း ၁၁၅၀၀၀ခန့် ကြိုတင်မှာယူခြင်း ခံခဲ့ရတာဖြစ်ကြောင်း အဆိုပါတေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်က ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၉ ရက်က ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၁-၁၂-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း "Myanmar's FMCG Business Opportunities" (အပိုင်း-၃) |
| ၈း၃၅ | "သက်ငယ်မုဒိမ်းကာကွယ်တားဆီးမှု လုပ်ငန်းများအတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့" |
| ၉း၃၅ | ပြည်သူ့နီတိ "လူပို" (ပထမပိုင်း) (နေဆန်း၊ ထက်နိုင်၊ မင်းထက်ပိုင်၊ ယဉ်မင်းပိုက်၊ ဆူးမြတ်မောင်၊ ယုယမင်းကျော်) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၁၀း၃၅ | အထွေထွေသုတနှင့်ကျန်းမာရေး "ဆောင်းရာသီနှင့်ကျန်းမာရေး" |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၂း၃၅ | "တန်ဖိုး" (စိုးရွှေ၊ မြင့်မြင့်ခင်၊ ကိုကိုဦး၊ ရည်မွန်) [ဒါရိုက်တာ-ဇော်မင်းပိုက် (SM)] |
| ၁း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၆၆) |
| ၂း၁၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီမင်းမော်ကွန်း) |
| ၂း၃၅ | Sunday Talk |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တို့မယူလို" (အပိုင်း-၆၆) |
| ၄း၃၅ | "ငြိမ်းချမ်းရေးတံခါးအမြဲဖွင့်ထား" |
| ၅း၁၅ | Football Magazine |
| ၅း၃၅ | NHK Programme |
| | "ရေ၏အံ့သြဖွယ်ရာများ" (ရေ၏အခြေအနေသုံးမျိုး) |
| ၅း၅၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပဲခူးဆားနှင့်သူ၏ဗိုင်းရပ်စ်များ" |
| ၆း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ပြောလက်စမကုန်နိုင်တယ်" (အောင်မိုး၊ ကေကေမိုးမြင့်၊ ရှိန်း) [ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)] |
| ၆း၄၅ | "သာယာဝေစည်ရှမ်းတို့ပျော်ရာ ဟုမ္မလင်းမြို့နယ်၌ာနေ" |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တို့မယူလို" (အပိုင်း-၆၇) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၆၇) -သုခမရင်ခွင်အငြိမ့်သဘင် (မင်းသမီး-မှုံနံ့သာ၊ လူရွှင်တော်-ငွေမိုး၊ ဂျင်မီဇရက်၊ ရေချမ်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၂၁-၁၂-၂၀၁၆(ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၆ | မေတ္တာပို့ |
| ၇း၂၁ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၃၀ | မျိုးချစ်တပ်မတော် |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၉း၁၅ | သူနှင့်သူ၏သီချင်းများ |
| ၉း၂၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၉း၃၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀း၁၀ | Made In Myanmar |
| ၁၁း၄၀ | Sport Review |
| ၁၂း၀၀ | ခရီးလည်းသွားစကားလည်းဆို |
| ၁၂း၃၅ | နှစ်(၇၀)ကျော်ကြားတေးများ |
| ၄း၂၅ | ရှေးဟောင်းသုတ |
| ၄း၄၀ | သီချင်းလက်ဆောင် |
| ၆း၁၅ | Top Magic |
| ၆း၃၅ | ဘဝများ |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အိန်ဂျယ်ချစ်သူ အပိုင်း(၁၁) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း -VOA အင်္ဂလိပ်စာသင်ခန်းစာ -ရယ်စရာပျော်စရာဟာသကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လျှို့ဝှက်ဆန်သောကျောင်း အပိုင်း(၃) တရားတော် |




## ချာပီကိုအန်စီအတွက် ဘရာဇီးနှင့် ကိုလံဘီယာတို့ ဇန်နဝါရီ ၂၅ တွင် ချစ်ကြည်ရေးခြေစမ်းပွဲကစားမည်

ချာပီကိုအန်စီအသင်းအတွက် ငွေကြေးတိုးမြင့်ရရှိရန်အလို့ငှာ ဘရာဇီးနှင့် ကိုလံဘီယာတို့အကြား အဆိုပြုထားသည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်ကို ဇန်နဝါရီ ၂၅ ရက်တွင် ဘရာဇီးနိုင်ငံ၏ မြို့တော် ရီယိုဒီဂျနေးရိုးမြို့၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်းသိရသည်။

ဘရာဇီးကလပ် ချာပီကိုအန်စီအသင်းသည် ပြီးခဲ့သည့်လအတွင်းက အက်သလက်တီကိုနေစီယွန်နယ်အသင်းနှင့် ကိုပါစူဒါမာရီကားနာဖလားနောက်ဆုံးဗိုလ်လုပွဲကစားရန် ကိုလံဘီယာနိုင်ငံသို့ သွားရောက်ခဲ့ရာတွင် လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ရခြင်းကြောင့် သေဆုံးခဲ့သည့် ခရီးသည် ၇၁ ဦးစာရင်းတွင် ပါဝင်သွားခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းနှင့် ကိုလံဘီယာအသင်းတို့ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်သည် ချာပီကိုအန်စီအသင်းနှင့် အဆိုပါအသင်းမှ သေဆုံးသွားခဲ့သည့်ကစားသမားများ၏ မိသားစုများအကျိုးအတွက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည့်အပြင် လာမည့်နှစ်အတွင်းကျင်းပမည့် Joan Gamper Tropy ပြိုင်ပွဲအတွက် ဘာစီလိုနာအသင်းက ချာပီကိုအန်စီအသင်းကို ဖိတ်ခေါ်ထားခဲ့ပြီး ချာပီကိုအန်စီအသင်းအနေဖြင့်လည်း သွားရောက်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးအသင်းနှင့် ကိုလံဘီယာအသင်းတို့ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်ကို ယခုနှစ်အစောပိုင်းက အိုလံပစ်ပြိုင်ပွဲကျင်းပခဲ့သည့် အက်စတေဒီယို နေလ်တန်ဆန်းတို့စ်ကွင်းကြီးထဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဘရာဇီးအသင်းကမူ ပြည်တွင်းအခြေစိုက်ကစားသမားများကိုသာ အဆိုပါပွဲစဉ်တွင် ထည့်သွင်းကစားစေမည်ဖြစ်ကြောင်းလည်း သိရသည်။ **(ငွေကြယ်)**

## ဘာကလေထုတ်ပယ်ခံရလျှင် လော့ဗ်ရန်လည်း ကွင်းထဲတွင်မရှိသင့်ဟု အဲဗာတန်နည်းပြ ကိုးမန်း အငြင်းပွားဖွယ်မှတ်ချက်ပြု

အဲဗာတန်နည်းပြ ကိုးမန်းက အဲဗာတန်အသင်းကွင်းလယ်လူ ဘာကလေ တိုက်ရိုက် အနီကတ်ပြသ ထုတ်ပယ်မခံရသည်မှာ ကံကောင်း၍ဖြစ်သည်ကို လက်သင့်ခံသော်လည်း ဘာကလေထုတ်ပယ်ခံရလျှင် လီဗာပူးနောက်ခံလူ လော့ဗ်ရန်လည်း ကွင်းထဲတွင် ဆက်မရှိသင့်ဟု လီဗာပူးအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် မာဆေးဆိုက်ဒါဘီပွဲအပြီးတွင် အငြင်းပွားဖွယ်ရာ ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ ပွဲစဉ် ပွဲချိန် ၆၈ မိနစ်တွင် အဲဗာတန်ကွင်းလယ်လူ ဘာကလေက လီဗာပူးအသင်းခေါင်းဆောင် ဂျော်ဒန်ဟန်ဒါဆင်ကို ကြမ်းတမ်းစွာ ဖြတ်ထုတ်မှုပြုခဲ့သည်ကို ဒိုင်လူကြီး မိုက်ဒင်းက အဝါကတ်သာ ပြသသတိပေးခဲ့သည်။ ဘာကလေ၏ ဖြတ်ထုတ်ပုံမှာ ပြင်းထန်သည့်အတွက် ဟန်ဒါဆင်ကွင်းထဲတွင် အတန်ကြာလဲကျနေခဲ့ရာ ယင်းဖြစ်စဉ်အတွက် နှစ်ဖက်အသင်းကစားသမားများ ပဋိပက္ခအသွင်ရောက်ရှိခဲ့သည်။ ဘာကလေနှင့် ဟန်ဒါဆင်တို့နှစ်ဦး ပွဲချိန်အတွင်း အနည်းငယ်ကတောက်ကဆဖြစ်ခဲ့သေးသော်လည်း ပွဲအပြီးတွင် ရင်ချင်းအပ်ကာ နှုတ်ဆက်နေကြသဖြင့် ပြေလည်မှုရရှိခဲ့သည်မှာ ထင်ရှားသည်။

ဘာကလေကိုယ်တိုင်က ယင်းဖြစ်စဉ်အတွက် ဟန်ဒါဆင်ကို ပွဲအပြီးတွင် တောင်းပန်မှုပြုခဲ့ပြီးဖြစ်သော်လည်း အဲဗာတန်နည်းပြ ကိုးမန်းကမူ ဘာကလေ အနီကတ်ပြ မခံရခြင်းမှာ ကံကောင်းသည်ဆိုသည်ကို လက်သင့်ခံသော်လည်း လော့ဗ်ရန်လည်း ကွင်းထဲတွင် ဆက်မရှိသင့်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ လောဗ်ရန်သည် အဲဗာတန်ကစားသမား ဆီးမက်စ်ကိုးလ်မန်းနှင့် တွန်းတိုက်ကာ အချင်းများခဲ့သေးသော်လည်း ဒိုင်ဖြစ်သူ မိုက်ဒင်းက ကိုးလ်မန်းကိုသာ အဝါကတ်ပြသ သတိပေးခဲ့ပြီး လောဗ့်ရန်အား အဝါကတ်ပြသ သတိပေးမှုမပြုခြင်းမှာ လောဗ့်ရန် ပထမတစ်ကြိမ် အဝါကတ်ပြသ သတိပေးခံထားရပြီးဖြစ်သောကြောင့်ဟု နည်းပြ ကိုးမန်းက ယုံကြည်သည်။

ကိုးမန်းက "ဟုတ်ပါတယ်။ ဘာကလေ ကံကောင်းပါတယ်။ သူ အနီကတ်ပြသချင် ပြသခံရနိုင်ပါတယ်။ ဒါပေမယ့် ဒါက လောဗ့်ရန်ရဲ့ တုံ့ပြန်မှုပြီးမှ ဖြစ်လာခဲ့တာပါ။ လောဗ့်ရန်နဲ့ ဆီးမက်စ်(ကိုးလ်မန်း) တို့နှစ်ဦး ဖြစ်ခဲ့တဲ့ဖြစ်ရပ်မှာ ဆီးမက်စ်ကိုဒိုင်က အဝါကတ်ပြပြီး လောဗ့်ရန်ကို ဘာကြောင့် ဘာကတ်ပြားမှ မပြသလဲဆိုတော့ လောဗ့်ရန်က အဝါကတ်တစ်ကြိမ်ထိထားပြီး ဖြစ်လို့ပါ" ဟု ပြောကြားခဲ့သည်။

အဲဗာတန်သည် အိမ်ကွင်း ဂွတ်ဒီဆင်ပတ်တွင် လီဗာပူးအား ဧည့်ခံကစားခဲ့ရသော်လည်း လီဗာပူးတိုက်စစ်မှူး မာနီရဲ့ ၉၄ မိနစ်တွင် သွင်းယူခဲ့သည့်ဂိုးကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် အရှုံးနိမ့်ခဲ့ရသည်။ သို့သော် နည်းပြ ကိုးမန်းက အဲဗာတန်အသင်း ပထမပိုင်းကစားပုံ အလွန်ကောင်းမွန်ခဲ့သလို နောက်ဆုံးအချိန်အထိ တိုက်ပွဲဝင်စိတ်အပြည့်ဖြင့် ကစားခဲ့သည့် လီဗာပူးအသင်းကိုလည်း ချီးကျူးပြောကြားလိုကြောင်း ဆိုခဲ့သည်။

**(မေလှဲ့သင်း)**



## ဘိန်းပန်းပုံသင်္ကေတန်ပါ လက်ပတ်ဝတ်ဆင်ခဲ့မှုကြောင့် ဖီဖာကဒဏ်ရိုက်ခဲ့မှုအပေါ် စကော့တလန်၊ ဝေလ၊ မြောက်အိုင်ယာလန်တို့နှင့်အတူ အင်္ဂလန်လျှောက်လဲချက်တင်မည်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် နိုဝင်ဘာ ၁၁ ရက်တွင်ကျရောက်ခဲ့သည့် ဗြိတိန်၏ အပစ်အခတ်ရပ်စဲရေးနေ့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အတွင်း ဘိန်းပန်းပုံသင်္ကေတန်ပါလက်ပတ်များ ဝတ်ဆင်ခဲ့သည့် အင်္ဂလန်အသင်း၊ စကော့တလန်အသင်း၊ ဝေလအသင်းနှင့် မြောက်အိုင်ယာလန်အသင်းတို့အား ဒဏ်ကြေးသတ်မှတ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် ဖီဖာ၏ ဆုံးဖြတ်ချက်အပေါ် စကော့တလန်၊ ဝေလ၊ မြောက်အိုင်ယာလန်တို့နှင့်အတူ ဒဏ်ကြေးငွေ ဆွစ်ဖရန့် ၄၅၀၀၀(ပေါင်စတာလင် ၃၅၃၁၁)အတွက် ဖီဖာအား လျှောက်လဲချက်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

စကော့တလန်နှင့် ဝေလတို့ကို ဒဏ်ကြေးအဖြစ် ဆွစ်ဖရန့် ၂၀၀၀၀ (ပေါင်စတာလင် ၁၅၆၉၄) ဒဏ်ရိုက်ခဲ့ပြီး မြောက်အိုင်ယာလန်ကိုမူ ဆွစ်ဖရန့် ၁၅၀၀၀ (ပေါင်စတာလင် ၁၁၇၇၀) ဒဏ်ရိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဒဏ်ရိုက်ခံမှုနှင့်ပတ်သက်၍ လက်ရှိတွင် အိမ်ရှင်နိုင်ငံများအကြား ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ထားပြီး တရားဝင်လျှောက်လဲချက်ကို လာမည့်နှစ်သစ်အစပိုင်းတွင် အဆိုပြုတင်သွင်းသွားမည်ဖြစ်ကြောင်း စကော့တလန်ဘောလုံးအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူက အတိအလင်းပြောကြားခဲ့သည်။

အင်္ဂလန်အသင်းက စကော့တလန်အသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် အင်္ဂလန်နှင့် စကော့တလန် နှစ်သင်းစလုံးမှ ကစားသမားများသည် အဆိုပါလက်ပတ်ကို အားလုံးဝတ်ဆင်ခဲ့ကြခြင်း ဖြစ်သည်။ **(ငွေကြယ်)**

## တစ်ဝက်ဈေးပြန်ရလျှင် ဒီပိုင်းကို မန်ယူထုတ်ရောင်းမည်

မန်ယူအသင်းသည် တောင်ပံတိုက်စစ်မှူး ဒီပိုင်းအား ပီအက်စ်ဗွီအသင်းမှ ခေါ်ယူစဉ်က ပေးချေခဲ့ရသည့် ပေါင် ၂၅ သန်း၏ တစ်ဝက်ဈေးရရှိလျှင် ပြန်လည်ရောင်းချလိမ့်မည်ဖြစ်ကြောင်း မေရာသတင်းဌာနက ဖော်ပြသည်။ ဒီပိုင်းသည် မန်ယူနည်းပြသစ် မော်ရင်ဟို လက်ထက်တွင် လုံးဝနေရာ ပျောက်နေပြီး ယခုနှစ်ဘောလုံးရာသီတွင် တစ်ပွဲသာ ပွဲထွက်ကစားခွင့် ရရှိထားသေးသည်။

မန်ယူနည်းပြ မော်ရင်ဟိုက နည်းပြဟောင်း ဗန်ဟားလ်ခေါ်ယူခဲ့သည့် ရှနိုက်ဒါလင်၊ ရှဝိန်းစတိုင်ဂါနှင့် ဒီပိုင်းတို့ သုံးဦးစလုံးကို လာမည့် ဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်တွင် ထုတ်ရောင်းနိုင်ခြေရှိပြီး ဒီပိုင်းကို အဲဗာတန်အသင်းနည်းပြ ကိုးမန်းက ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။ ကိုးမန်းက ဒီပိုင်း၏ အကောင်းဆုံးပုံစံကို ပြန်လည်ရရှိရန် ဖင်းကူညီနိုင်မည်ဟု မျှော်လင့်ထားပြီး ဒီပိုင်းမှာ အရန်ကစားသမားအဖြစ် ကောင်းလွန်းနေသည့် ကစားသမားဖြစ်ကြောင်း မကြာသေးမီကပင် ထုတ်ဖော်ပြောကြားထားသည်။

ဒီပိုင်း၏ နယ်သာလန်လက်ရွေးစင်ကစားဖော် အာဂျန်ရော်ဘင်ကလည်း မန်ယူမှ ထွက်ခွာခြင်းက ဒီပိုင်း၏ ပုံစံကောင်းကို ပြန်လည်ရရှိနိုင်မည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း ပြောကြားခဲ့သေးသည်။ ဒီပိုင်းကို စီရီးအေကလပ် ရိုးမား၊ အင်တာမီလန်တို့က အလိုရှိနေသလို အသင်းဟောင်း ပီအက်စ်ဗွီအသင်းကလည်း ပြန်လည်ခေါ်ယူရန် ချိတ်ဆက်နေသော်လည်း အဲဗာတန်သို့သာ ပြောင်းရွှေ့ရန် နီးစပ်နေကြောင်း သိရသည်။

**(မေလှဲ့သင်း)**



## စီရိုနယ်လ်ဒို အနက်ရောင်ဘောလုံးကန်ဖိနပ် မဝတ်ဆင်ချင်သည့်အကြောင်းရင်း

နိုက်ကီကုမ္ပဏီရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ မက်စ်ဘလာက စီရိုနယ်လ်ဒို ဘာကြောင့် အနက်ရောင်ဘောလုံးကန်ဖိနပ်ကို မဝတ်ဆင်တတ်သလဲဆိုတာကို ထုတ်ဖော်ပြောကြားလိုက်ပါပြီ။ စီရိုနယ်လ်ဒိုက အနက်ရောင်ဟာ နှေးကွေးမှုကို ခံစားစေတာကြောင့် လျင်မြန်တဲ့ လှုပ်ရှားမှုကို ကြိုက်တဲ့သူ့အတွက် အခြားအရောင်လွင်တဲ့ ဖိနပ်တွေကိုပဲ ရွေးချယ်ဝတ်ဆင်တာဖြစ်တယ်လို့ မက်စ်ဘလာရဲ့ အဆိုအရ သိရပါတယ်။

မက်စ်ဘလာကတော့ ကစားသမားတိုင်းမှာ သူတို့ကြိုက်နှစ်သက်တဲ့ အရောင်ဆိုတာရှိကြပြီး သူတို့ စိတ်ကြိုက်ဖြစ်မယ့် အရောင်ကို စပွန်ဆာပေးတဲ့ ကုမ္ပဏီတွေကို တိုက်ရိုက်မှာကြားလေ့ရှိကြတယ်လို့ ဆိုပါတယ်။ စီရိုနယ်လ်ဒိုဟာ လူထူးဆန်းတစ်ဦးဖြစ်ပြီး တစ်ချိန်လုံး တိုးတက်ဖို့သာ စဉ်းစားနေတဲ့သူဖြစ်သလို အရောင်တွေရဲ့ စိတ်ပိုင်းဆိုင်ရာအပေါ် သက်ရောက်မှု အပြည့်အဝယုံကြည်သူလို့ မက်စ်ဘလာက ဆိုပါတယ်။ ဒါကြောင့် နိုက်ကီကုမ္ပဏီအနေနဲ့ စီရိုနယ်လ်ဒိုအတွက် ဖိနပ်ဒီဇိုင်းသစ်တစ်ရန် ထုတ်လုပ်တိုင်း ဖိအားရှိသလို အကောင်းဆုံးဖြစ်ဖို့ အမြဲကြိုးပမ်းနေရတယ်လို့လည်း မက်စ်ဘလာက ပြောပါတယ်။

နိုက်ကီက စီရိုနယ်လ်ဒို ဘလွန်းဒီအောဆု ဆွတ်ခူးပြီးနောက်တစ်ရက်အကြာမှာ စီရိုနယ်လ်ဒိုရဲ့ ၂၀၁၆ ခုနှစ်အတွင်း အောင်မြင်မှုတွေကို ဂုဏ်ပြုတဲ့အနေနဲ့ အဖြူနဲ့ရွှေရောင်စပ်ထားတဲ့ မာကျူရီယယ်စူပါဖလိုင်း စီအာရ်ဆဲဗင်း ဘောကန်ဖိနပ်ကို မကြာသေးခင်ကပဲ ထုတ်လုပ်လိုက်ပါတယ်။ **(မေလှဲ့သင်း)**

# ခရီးသွားပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေး အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများအား ကြီးကြပ်ဆောင်ရွက်သွားမည်

**မကွေး ဒီဇင်ဘာ ၂၀**

ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် အဝေးပြေးယာဉ်လိုင်းများအား ပုံမှန်လုပ်ဆောင်နေသော စစ်ဆေးမှုများအပြင် ထွက်ရှိလာမည့် ၂၀၁၇ ခုနှစ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး နည်းဥပဒေအရ ထိရောက်စွာကြီးကြပ် လုပ်ဆောင်တော့မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးလုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ညွှန်ကြားမှုဌာနမှသိရသည်။

"မကွေးမှာ မိုးရာသီချောင်းရေကျတုန်းက ရေကျော်ကိုဖြတ်ကူးလို့ ယာဉ်နဲ့ ယာဉ်မောင်းကို လုပ်ငန်း(၁)နှစ် လုပ်ကိုင်ခွင့်ပိတ်လိုက်တာ သုံးခုရှိတယ်။ နိုဝင်ဘာ ၁၁ ရက်က တိမ်းမှောက်ခဲ့လို့ ခြောက်ယောက်သေ၊ ၁၈ ယောက် ဒဏ်ရာရခဲ့တဲ့ ဖြစ်စဉ်မှာ မိုးသောက်ရောင်နီယာဉ်လိုင်း တစ်ခုလုံးကို ခြောက်လပိတ်သိမ်းလိုက်တယ်။ ရေကျတုန်း ရေကျော်ကိုကူးတုန်းကလည်း အဲဒီယာဉ်လိုင်းက ယာဉ်တစ်စီးကို အရေးယူခဲ့ရတာရှိတယ်။ အဆိုးဆုံးကတော့ ခရီးသွားအာမခံထားဖို့ ညွှန်ကြားထားလျက်နဲ့ လုံးဝမလုပ်တဲ့အတွက် ထိထိရောက်ရောက် အရေးယူမှုတွေ လုပ်ခဲ့ရတယ်" ဟု မကွေးတိုင်းဒေသကြီးအတွင်း လတ်တလောအရေးယူဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ညွှန်ကြားမှုဌာန ဦးစီးမှူးဦးနေဝင်းက ပြောသည်။

လုပ်ငန်းလိုင်စင်စည်းကမ်း၊ ယာဉ်မောင်းများ အရက်သေစာသောက်စားမှု၊ မီးသတ်ဆေးဘူး၊ အရေးပေါ် ထွက်ပေါက်၊ မှန်ခွဲရန် တူ၊ ပုဆိန်၊ ရောင်ပြန်ပြား၊ တာယာ၊ ထိုင်ခုံခါးပတ်၊ ရှစ်နာရီထက်ကျော်လွန်သောခရီးစဉ်များတွင် ယာဉ်မောင်းနှစ်ဦးထားရှိမှုစသည့် သတ်မှတ်ချက်နှင့် အရည်အသွေးဆိုင်ရာ စစ်ဆေးမှုများကို ကညန၊ ယကက၊ ယာဉ်ထိန်း၊ မီးသတ်၊ လုပ်ငန်း လိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုညွှန်ကြားမှုဌာနနှင့် အခြားဆက်စပ်အဖွဲ့အစည်းများက အပတ်စဉ်၊ လစဉ် စစ်ဆေးကြီးကြပ်လျက်ရှိကြောင်း သိရသည်။

အရက်သောက်သုံးမှုစစ်ဆေးနိုင်ရန် Alcohol Tester များ အသင့်ရှိနေပြီး မကွေးမြို့မှ ခရီးအစ စစ်ဆေးခြင်းအပြင် နေပြည်တော်အဝင် စစ်ဆေးမှုများကိုလည်း ဆောင်ရွက်သွားရန်ရှိကြောင်း မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထွဋ်က ပြောသည်။

National Road Safety Council ( NRSC) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ လမ်းညွှန်ချက်များအား မကွေးတိုင်းဒေသကြီး NRSC တွင် ဥက္ကဋ္ဌအဖြစ် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး၊ အတွင်းရေးမှူးအဖြစ် ကညန တိုင်းဦးစီးမှူးတို့ကပါဝင်ဆောင်ရွက်မည်ဖြစ်သည်။ **ယျေတု(မကွေး)**



## မလှိုင်မြို့၌စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာပညာပေးဟောပြော

**မလှိုင် ဒီဇင်ဘာ ၂၀**

စားသုံးသူ ပြည်သူအများ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ဒုတိယအပတ်က မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စားသုံးသူ ပြည်သူအများ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခွင့်မပြုဆိုးဆေးများကြောင့် ဖြစ်ပွားနိုင်သော ရောဂါများအကြောင်း၊ စားသုံးရန် မသင့်သော ဓာတုဆိုးဆေးပါ အစားအစာ နမူနာများကို တာဝန်ရှိသူများက ပြသပေးခဲ့သည်။

ယင်းနောက် စားသုံးသူများ၏ အခွင့်အရေးများ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့် အချက်များ၊ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ပါဝင်ရမည့်အချက် ၁၇ ချက်၊ စီးပွားရေးလုပ်ငန်းရှင်များဖက်မှ လိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာရှိ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြန်လည်ရှင်းလင်းပြောကြားပေးရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၆ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**



## ပန်းလောင်မြစ်ရေဖြင့် ကြံကိုတွင်ကျယ်စွာစိုက်ပျိုးလျက်ရှိနေ

**စဉ့်ကိုင် ဒီဇင်ဘာ ၂၀**

ရာသီဥတု မမှန်သည့်ကာလတွင် တောင်သူများမှာ တွက်ခြေကိုက်မည့် သီးနှံကို ရာသီအလိုက်ကြည့်ကာ စိုက်ပျိုးကြသည်။ စဉ့်ကိုင်မြို့နယ်အတွင်း ပန်းလောင်မြစ်ဘေးရှိ ယာမြေများမှာ ကြံကိုအားထားစိုက်ပျိုးလာသည်။ ကြံစိုက်ပျိုးခြင်းတွင် ပန်းလောင်မြစ်ရေကိုတင်ကာ စိုက်ပျိုးသည့်အတွက် အဆင်ပြေသည်။ ကြံစိုက်ပျိုးရန်အတွက် ထယ်ရေးပြင်ဆင်ပြီးသည်နှင့် ပေါင်ဖြစ်အောင်ပြုလုပ်ကာ ကြံအဆစ်များကို စနစ်တကျ စိုက်ပျိုးကြသည်။ကြံတစ်ပင်နှင့်တစ်ပင် တစ်တောင်ခန့်ခွာကာ စိုက်ပျိုးကြသည်။

ရာသီခါမီရန်အတွက် ပန်းလောင်မြစ်ဘေးတွင် ကဆုန်၊ နယုန်မှစကာ ကြံကို စတင်စိုက်ပျိုးကြသည်။ ကဆုန်၊ နယုန်တွင်စိုက်ပျိုးသည့်ကြံများကို လာမည့်နှစ် တန်ခူးလတွင်စတင်ခုတ်လေ့ရှိသည်။ ကြံစတင်စိုက်ပျိုးပြီးသည်နှင့် ရာသီဥတုပေါ် မူတည်ကာ ၁၀ ရက်ခြားတစ်ကြိမ် ရေတင်ပေးကြရသည်။ တစ်လလျှင်အနည်းဆုံးသုံးကြိမ် ရေတင်ပေးရသည်။ ကြံစိုက်ရာတွင် တစ်ဧကလျှင်ကြံပင် (၁၁၁၀၀) ကျော်ပါဝင်သည်။ ကြံခုတ်သည့်ရာသီတွင် အအေးဆိုင်များကို လက်လီရောင်းချသလို ပွဲစားများကိုလည်း အခင်းပြတ်ရောင်းချသည်လည်းရှိသည်။ နှစ်စဉ် လက်လီရောင်းချမှုတွင် ကြံ ၁၀ ချောင်းပါအစည်းများ ပြုလုပ်ရောင်းချသည်။ ကြံများခုတ်သည့်အချိန်တွင် လမ်းပန်းဆက်သွယ်ရေးကောင်းသည့်နေရာနှင့် ဆက်သွယ်ရေးမကောင်းသည့်နေရာ ကွာခြားမှုအလိုက် ဈေးနှုန်းကွာခြားသွားသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်နေရာတွင် တစ်နှစ်လျှင်ငွေကျပ်သိန်း ၄၀ ကျော် အထိရရှိသည်။လမ်းပန်းဆက်သွယ်ရေးမကောင်းသောနေရာများတွင် ငွေကျပ်သိန်း ၃၀ ကျော်သာရရှိသည်။

ယခုအခါတွင် စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ် ပန်းလောင်မြစ်ဘေး တံတားဦးလေယာဉ်ကွင်းသွားရာလမ်းဘေးတစ်လျှောက် ယာမြေများတွင် တွက်ခြေကိုက်သည့်ကြံကို အားထားစိုက်ပျိုးရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည် ကြံစိုက်ခြင်းမှာ အရှုံးနည်းပြီးနှစ်ပြန်အထိ အတက်မွေးကာ စိုက်ပျိုးနိုင်သည့်အတွက် စိုက်ပျိုးခြင်းဖြစ်သည်။ အထူးသဖြင့် ပန်းလောင်မြစ်ရေရသည့်နေရာများတွင် ကြံကို အားထားစိုက်ပျိုးကြကြောင်း ကြံစိုက်တောင်သူတစ်ဦးက ရှင်းပြသည်။ **တိမ်တမန်**

## ကလေးလုပ်သားများ၏ ဘဝသရုပ်မှန်လေ့လာသုံးသပ်ခြင်းဆွေးနွေးပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၀**

အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သောဒုတိယရေသောက်မြစ်အဖွဲ့ကစီစဉ်ကျင်းပသော ကလေးလုပ်သားများ၏ ဘဝသရုပ်မှန်ကိုလေ့လာသုံးသပ်ခြင်းနှင့် ဆန်းစစ်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ ထောင့် မန္တလေးဘူတာကြီးအပေါ်ထပ်ရှိ Hotel Marbel ခန်းမ၌ ကျင်းပခဲ့သည်။



ဆွေးနွေးပွဲတွင် ဒုတိယရေသောက်မြစ်အဖွဲ့မှ အကြံပေးဦးကျော်ကျော်လင်းက အဖွဲ့၏ ဆောင်ရွက်ချက်များအားလည်းကောင်း၊ အဖွဲ့ခေါင်းဆောင်ဦးအောင်သူရက ကလေးလုပ်သားများ၏ ဘဝသရုပ်မှန်လေ့လာသုံးသပ်ခြင်းနှင့် ဆန်းစစ်ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။ အခမ်းအနားသို့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းကျော်ဇော၊ ချမ်းမြသာစည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် မန္တလေးခရိုင်အတွင်းလုပ်ငန်းခွင်ရောက်ရှိနေသော အသက် (၁၈) နှစ်အောက် ကလေးလုပ်သား ၂၀၀ အား သုတေသနစစ်တမ်းကောက်ယူ မေးမြန်းချက်များ၊ ကလေးများ၏ ပညာရေး၊ လုပ်ခလစာ၊ မိသားစုအခြေအနေများ၊ အလုပ်ချိန်၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများတင်ပြ၍ အမြင်ခြင်းဖလှယ်ဆွေးနွေး ကြကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**



## ရက်ကန်းရက်လုပ်နည်းသင်တန်းဖွင့်လှစ်သင်ကြားပေး

**ဘုတလင် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ရက်ကန်းရက်လုပ်နည်းသင်တန်းကို ဒီဇင်ဘာဒုတိယပတ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်မတို့ဒေသမှာ ရက်ကန်းထည်ကို လူတန်းစားမရွေး ဝတ်ဆင်အသုံးပြုကြပါတယ်။ အရင်က ရက်ကန်းလုပ်ငန်းကို မျိုးရိုးအစဉ်အဆက် ရက်လုပ်မှသာ တတ်မြောက်ကြတာပါ။ အခုလို သင်တန်းတွေဖွင့်ပေးတော့ ကျွန်မတို့လို စိတ်ပါဝင်စားသူတွေအတွက် အဆင်ပြေတယ်။ ဒီသင်တန်းတက်ပြီးလို့ တတ်မြောက်သွားရင် ရပ်ဝေးဒေသကို သွားရောက်အလုပ်လုပ်စရာမလိုဘဲ အိမ်နေရင်းလုပ်ကိုင်နိုင်သလို၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရတာပေါ့" ဟု သင်တန်းသူတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းကို ဘုတလင်မြို့နယ်တွင် ရက်ကန်းလုပ်ငန်းအများဆုံး လုပ်ကိုင်နေသည့် သပြေပင်ကျေးရွာတွင် လက်တွေ့စနစ်တကျသင်ကြားပေးပြီး သင်တန်းကာလမှာ တစ်လခန့်ကြာမြင့်မည်ဖြစ်ကာ သင်တန်းသူ ၁၀ ယောက် တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဇော်ဖြိုး(ဘုတလင်)**



# တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

*တစ်ပတ်အတွင်းအားကစားသတင်းထူးခြားဖြစ်စဉ်တွေထဲမှာတော့စီရိုနယ်လ်ဒိုရဲ့၂၀၁၆ခုနှစ်အတွင်းရရှိခဲ့တဲ့အောင်မြင်မှုတွေအတွက်နိုက်ကီကုမ္ပဏီကအရေးအတွက်ကန့်သတ်ထားတဲ့ဘောလုံးကန်ဖိနပ်ထုတ်လုပ်ခဲ့ခြင်း၊ ဘီယာက ရေဓာတ်ခမ်းခြောက်မှုကို လျော့ပါးစေတာကြောင့် ကစားပွဲပြီး တစ်နာရီအတွင်း ဘီယာသောက်ဖို့ ညွှန်ကြားချက်ထုတ်ထားတယ်ဆိုတဲ့ ကွန်တီ၊ မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီရဲ့သားကြီး ခိုင်ရွန်းနီက မန်ယူရဲ့ခါးသီးတဲ့ မြို့ခံပြိုင်ဘက် မန်စီးတီး လူငယ်အကယ်ဒမီမှာ ဘောလုံးသွားရောက်လေ့ကျင့်မှု ပြုခဲ့ခြင်းစတဲ့ စတဲ့ သတင်းတွေအပြင် အခြားသော ထူးခြားအားကစားသတင်းများကို ထုတ်နုတ်တင်ဆက်ပေးချိန်ရောက်ရှိလာပါပြီ။*

## ● စီရိုနယ်ဒိုရဲ့အောင်မြင်မှုများအတွက်ဗစ်တိုးရီးယက်စ် ဘောလုံးကန်ဖိနပ်

စီရိုနယ်လ်ဒို ၂၀၁၆ ဘလွန်းဒီအောဆုရရှိပြီးနောက်တစ်ရက်မှာပဲ နာမည်ကျော် အားကစားပစ္စည်း ကုမ္ပဏီဖြစ်တဲ့ နိုက်ကီက စီရိုနယ်လ်ဒိုကို ဂုဏ်ပြုမှုတစ်ခုလုပ်ဆောင်ပေးခဲ့ပါတယ်။ ဗစ်တိုးရီးယက်စ်လို့ အမည်ရတဲ့ အဖြူနဲ့ ရွှေရောင်စပ်ထားတဲ့ ဘောလုံးကန်ဖိနပ်ဟာ ၂၀၁၆ခုနှစ်အတွင်း စီရိုနယ်လ်ဒို ရရှိတဲ့ အောင်မြင်မှုတွေကို ကိုယ်စားပြုတယ်လို့ နိုက်ကီက ဆိုပါတယ်။ အရေအတွက် ၇၇၇ရံပဲ ထုတ်လုပ်ထားတာဖြစ်ပြီး ဒီဖိနပ်ရဲ့ နောက်အမည်တစ်ခုကတော့ မာကျူရီယယ် စူပါဖလိုင်း စီအာရ်ဆဲဗင်း ( Mercurial Superfly CR7) ဖြစ်ပါတယ်။ ဒီဖိနပ်မှာ သန့်စင်တဲ့ ပလက်တီနမ်အပြင် နူးညံ့တောက်ပတဲ့ အပြာရောင် သတ္တုတစ်မျိုးပါ ပေါင်းစပ်ပါဝင်ထုတ်လုပ်ထားတာကြောင့် ဘယ်ရှုထောင့်က ကြည့်ကြည့်တောက်ပမှုနေမှာဖြစ်သလို ခြေချောင်းတွေကစလို့ ခြေဖဝါးအထိ နူးညံ့မှုကိုပေးစွမ်းနိုင်မယ်လို့လည်း နိုက်ကီတာဝန်ရှိသူတွေက ဆိုပါတယ်။ တကယ်လို့ ဒီဖိနပ်ကို ဝယ်ယူချင်တယ်ဆိုရင်တော့ ၂၀၁၇ခုနှစ်နှစ်စပိုင်း nike.com ကနေမှာယူနိုင်ပါတယ်။

## ● မန်စီးတီးအသင်းမှာ လေ့ကျင့်ရေးဆင်းခဲ့တဲ့ ခိုင်ရွန်းနီ

မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီရဲ့ အကြီးဆုံးသား ခိုင်ရွန်းနီဟာမန်စီးတီးအသင်းလူငယ်အကယ်ဒမီကျောင်းမှာ လေ့ကျင့်ရေးသွားဆင်းခဲ့တာကြောင့် မန်ယူပရိသတ်တွေ အံ့အားသင့်ခဲ့ရပြန်ပါတယ်။ မန်ယူအသင်းဝတ်စုံကို ဝတ်ဆင်ထားတဲ့ ခိုင်ရွန်းနီက မန်စီးတီးရဲ့ အသက်ခုနစ်နှစ်အောက် ကလေးငယ်များ လေ့ကျင့်ရေး အစီအစဉ်မှာ ပါဝင်ခဲ့တာဖြစ်ပါတယ်။ ခိုင်က ပြီးခဲ့တဲ့ အောက်တိုဘာလတုန်းကလည်း မန်ယူဖွံ့ဖြိုးရေး အသင်းနဲ့အတူ လေ့ကျင့်ခန်း ဆင်းခဲ့ပါသေးတယ်။ ပရီမီယာလိဂ်အသင်းတွေက အသက်ကိုးနှစ်မပြည့်သေးတဲ့ ဘယ်ကလေးငယ်ကိုမှ ခေါ်ယူစာချုပ်ချုပ်ဆိုခြင်းမရှိကြသလို ကလေးငယ်တွေက အမြဲတမ်းကလပ်အသင်းတစ်ခုကို ရွေးချယ်ခြင်းမပြုမီ ကလပ်အသင်းအသီးသီးကတည်ထောင်ထားတဲ့ လူငယ်အကယ်ဒမီတွေမှာ သွားရောက်လေ့ကျင့်ကြတာဖြစ်ပါတယ်။ ဘောလုံးအားကစားဖွံ့ဖြိုးတဲ့နိုင်ငံမှာ ကလေးငယ်တွေအနေနဲ့ ထောက်ကူပြု ပစ္စည်းတွေစုံလင်တဲ့ အကယ်ဒမီကျောင်းတွေမှာ သွားရောက်လေ့ကျင့်တာဟာ ဆန်းကြယ်တဲ့ ကိစ္စရပ်မဟုတ်ပေမယ့် မန်ယူအသင်းခေါင်းဆောင်တစ်ဦးရဲ့ သားဖြစ်သူက မန်ယူအသင်းရဲ့ ခါးသီးတဲ့ မြို့ခံပြိုင်ဘက်အသင်းမှာ သွားရောက်လေ့ကျင့်တာကတော့ အတော်လေး အံ့အားသင့်ဖို့ကောင်းတယ်လို့ ဗြိတိန်မီဒီယာတွေကဖော်ပြခဲ့ကြပါတယ်။






## ● အကြီးမားဆုံးအရှုံးသမားအဖြစ်ရွေးချယ်ခံရတဲ့ ကွန်ပနီ

မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီက ၂၀၁၆ခုနှစ် တစ်နှစ်ပတ်လုံး ဒဏ်ရာ ပြဿနာတွေပဲ ကြုံတွေ့နေရတာကြောင့် ၂၀၁၆ခုနှစ်က ကွန်ပနီအတွက် ကံဆိုးတဲ့ နှစ်တစ်နှစ်လို့ သူ့ပရိသတ်တွေက အဖြေထုတ်နိုင်ပေမယ့် ဘယ်လ်ဂျီယံ မဂ္ဂဇင်း Sport/Foot ကတော့ အခုလို မယူဆပါဘူး။ ကွန်ပနီရဲ့ ကျဆုံးမှုဟာ ၂၀၁၆ ခုနှစ်အတွင်း ဟီလာရီကလင်တန်နဲ့ ဒေးဗစ်ကင်မရွန်တို့ရဲ့ ရှုံးနိမ့်မှုထက်တောင် ပိုမိုကြီးမားသေးတယ်လို့ အဲဒီမဂ္ဂဇင်းက ထုတ်နုတ်ပြောကြားခဲ့ပါတယ်။ ကွန်ပနီဟာ ပေါင်ဒဏ်ရာကြောင့် ၂၀၁၆ ယူရိုဖလားပြိုင်ပွဲကို လွဲချော်ခဲ့ရသလို ယခုနှစ်ရာသီမှာ နှစ်ပွဲသာ ဝင်ရောက်ကစားပေးနိုင်ပြီးနောက် ပဲလေ့စ်နဲ့ ပွဲမှာ ထပ်မံဒဏ်ရာ ကြုံခဲ့ရပြန်ပါတယ်။ ဒါကြောင့် ဒီမဂ္ဂဇင်းက ကွန်ပနီကို ၂၀၁၆ခုနှစ်ရဲ့ အကြီးမားဆုံး အရှုံးသမားအဖြစ် ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

## ● ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ကစားသမားဖြစ်လာတော့မယ့် ကာလို့စ်တီဗက်ဇ်



အသက်(၃၂)နှစ်အရွယ် ကားလို့စ်တီဗက်ဇ်ကို တရုတ်စူပါလိဂ်အသင်းဖြစ်တဲ့ ရှန်ဟိုင်းရှန်ဟွာ အသင်းက တစ်ပတ်လုပ်ခလစာ ပေါင် ၆၁၅၀၀၀နဲ့ ကမ်းလှမ်းမှုပြုခဲ့တဲ့အတွက် တီဗက်ဇ်တစ်ယောက် ကမ္ဘာ့လုပ်ခအများဆုံး ကစားသမားဖြစ်ဖို့ နီးစပ်လာခဲ့ပါပြီ။ တီဗက်ဇ်က ၂၀၁၅ခုနှစ်နွေရာသီအတွင်း ဇာတိမြေ အာဂျင်တီးနားမှာရှိတဲ့ ဘိုကာဂျူနီယာအသင်းကို ပြောင်းရွှေ့သွားခဲ့ပြီး ဘိုကာဂျူနီယာအသင်းမှာပဲ ကစားသမားဘဝကနေ အနားယူမယ်လို့ ပြောကြားခဲ့သူပါ။ ခုတော့ ရှန်ဟိုင်းရှန်ဟွာ အသင်းရဲ့ ငွေကြေးမြောက်မြားစွာ ကမ်းလှမ်းမှုကြောင့် သူ့ရဲ့ ရည်မှန်းချက်ကို ပြင်ဆင်ဖို့ အလားအလာရှိနေပြီး ဒီအပြောင်း အရွှေ့ဟာ အလုံးစုံပြီးစီးခဲ့ပြီလို့လည်း သိရပါတယ်။ လက်ရှိ လစာအများဆုံးရရှိတဲ့ ကစားသမားက လာဗက်ဇီဖြစ်ပြီး သူ့ရဲ့တစ်ပတ်လစာကပေါင် ၄၉၅၀၀၀ ဖြစ်ကာ ဒုတိယလစာအများဆုံး ရရှိထားတဲ့ ကစားသမား စီရိုနယ်လ်ဒိုရဲ့ တစ်ပတ်လုပ်ခလစာ ၄၄၀၀၀၀ဖြစ်တာကြောင့် တီဗက်ဇ်သာ ရှန်ဟိုင်းရှန်ဟွာအသင်းကို ပြောင်းဖြစ်မယ်ဆို လာဗက်ဇီထက်တောင် တစ်ပတ်လုပ်ခ ပေါင်၂၂၀၀၀၀ ပိုများတော့မှာဖြစ်တာကြောင့် တီဗက်ဇ်တော့ သူနှစ်သက်တဲ့ ဇိမ်ခံကားတွေ ကြိုက်သလောက် ဝယ်ယူနိုင်ပါတော့မယ်။



## ● ဘီယာသောက်ဖို့ တိုက်တွန်းတဲ့ ကွန်တီ

ချယ်လ်ဆီးအသင်းဟာ ၁၁ပွဲဆက် နိုင်ပွဲနဲ့အတူ အမှတ်ပေးဇယားထိပ်ကို လွတ်လွတ်ကျွတ်ကျွတ်ဦးဆောင်နေပြီး ချယ်လ်ဆီး အောင်မြင်မှုတွေထဲမှာ ကွန်တီရဲ့ ကစားသမားတွေကို ဘယ်လို နေထိုင်စားသောက်ရမယ်ဆိုတာ ညွှန်ကြားချက်ကလည်း ထိုက်သင့်သလောက် အရေးပါနေပါလိမ့်မယ်။ ချယ်လ်ဆီးနည်းပြ ကွန်တီက ဘီယာပုလင်းနဲ့ အောင်ပွဲခံခဲ့တဲ့ ကော်စတာရဲ့ ဓာတ်ပုံတွေ အွန်လိုင်းမှာ ပျံ့နှံ့လာပြီးနောက် ကစားသမားတွေကို ပွဲကစားပြီး တစ်နာရီအတွင်း ဘီယာသောက်ဖို့ သူကိုယ်တိုင်တိုက်တွန်းထားတာဖြစ်တယ်လို့ ဆိုပါတယ်။ ကွန်တီက ဘီယာသောက်သုံးခြင်းက ရေဓာတ်ကုန်ခမ်းမှုကို ပြန်လည်ဖြည့်စွမ်းနိုင်တာကြောင့် ကစားပွဲတစ်ပွဲပြီးတိုင်း ဘီယာသောက်သင့်ပေမယ့် တစ်ပုလင်းထက်ပိုပြီး မသောက်သင့်ဘဲ ဝိုင်နီက ဘီယာထက်ပိုကောင်း တယ်လို့လည်း ကွန်တီက ပြောပါတယ်။

## ● ဗီဒီယိုနည်းပညာ အသုံးပြုတဲ့ ပထမဆုံးပွဲမှာ ပင်နယ်တီ ပေးခဲ့တဲ့ ဒိုင်

ဘောလုံးပြိုင်ပွဲတွေအတွင်း ဗီဒီယိုနည်းပညာကို ပထမဆုံးအသုံးပြုခဲ့တဲ့ ပွဲစဉ်မှာ ကာရှီးမား အန်တလာအသင်းဟာ ဒိုင်ဖြစ်သူ ကက်စီရဲ့ ပင်နယ်တီ လက်ဆောင်ရရှိခဲ့ပါတယ်။ အဲဒီပွဲစဉ်ကတော့ ကမ္ဘာ့ကလပ်ချန်ပီယံဖလား အကြိုဗိုလ်လုပွဲစဉ်ဖြစ်တဲ့ ကာရှီးမားအန်တလာအသင်းနဲ့ အက်သလက်နေစီယွန်နယ်အသင်းတို့ ကစားခဲ့တဲ့ ပွဲစဉ်ဖြစ်ပြီး ဒိုင်ဖြစ်သူရဲ့ ဆုံးဖြတ်ချက် လွဲမှားခဲ့တာကြောင့် ဒါဟာသမိုင်းဝင်အမှားလို့ ယူဆချက်တွေ တစ်ပုံတစ်ပင် ထွက်လာခဲ့ပါတယ်။

အန်တလာအသင်း အလွတ်တည်ကန်ဘောကန်ခွင့်ရချိန် ပင်နယ်တီဧရိယာအတွင်းရှိနေတဲ့ အန်တလာအသင်းမှ နာရှီကို နေစီယွန်နယ်အသင်းက ဘာရီယိုက ပြစ်ဒဏ်ကျူးလွန်ခဲ့ပေမယ့် ဒီဖြစ်စဉ်ကို ပြိုင်ပွဲကြီးကြပ်နေတဲ့ ဒိုင်တွေက မြင်တွေ့ခဲ့ခြင်းမရှိပါဘူး။ ဒီဖြစ်စဉ်အပေါ် အန်တလာအသင်းသားတွေက စောဒက တက်ခဲ့တာကြောင့် ဒိုင်ဖြစ်သူက ဗီဒီယိုမှတ်တမ်းပြန်ကြည့်ပြီး အန်တလာအသင်းကို ပင်နယ်တီကန်ဖို့ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တကယ်တမ်းမှာ နာရှီဟာ လူကျွံအနေအထားဖြစ်နေတာကြောင့် အန်တလာအသင်းဘက်ကို ပင်နယ်တီကန်ခွင့်ပြုခဲ့တဲ့ဒိုင်ဖြစ်သူ ကက်ဆီကို နေစီယွန်နယ် ပရိသတ်တွေက ဒေါသထွက်နေကြပါတယ်။ ဖီဖာ( ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်) အနေနဲ့ ဗီဒီယို နည်းပညာကို ကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲမှာ စတင်စမ်းသပ်သုံးစွဲခဲ့ပေမယ့် ကက်ဆီတစ်ယောက် ဗီဒီယိုမှတ်တမ်းကိုပြန်ကြည့်ပြီး ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်က မှားယွင်းခဲ့တာကြောင့် ဝေဖန်မှုတွေ ထွက်လာခဲ့ကြသလို ကမ္ဘာ့ကလပ်ချန်ပီယံဖြစ်ခဲ့တဲ့ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းနဲ့ ကွင်းလယ်လူ မိုဒရစ်တို့က ဒီလိုနည်းပညာသစ်တွေက ကစားပွဲတစ်ပွဲရဲ့ ရလဒ်ပိုင်းကို အထောက်အပံ့ပြုနိုင်မယ်လို့ မထင်ကြောင်း ဝေဖန်ခဲ့ပါတယ်။

## ● အဟောင်းကနေ အသစ်ဖြစ်မှာ ကြောက်တာလား ပါယက်

ဝက်စ်ဟမ်းစတားပါယက်က သူ့ကလေးတွေကို စီရိုနယ်လ်ဒိုရဲ့နာမည် သူ့ရှေ့မှာ မပြောဖို့တားမြစ်ထားတယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ပြင်သစ်လက်ရွေးစင် ပါယက်ဟာ မိခင်နိုင်ငံအတွက် ၂၀၁၆ ယူရိုဖလားကို ရယူပေးဖို့ ဆန္ဒပြင်းထန်ခဲ့ပြီး ပြင်သစ်အသင်းက ဗိုလ်စွဲဖို့ ရေပန်းစားခဲ့သလို ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပေမယ့် ဗိုလ်လုပွဲမှာတော့ စီရိုနယ်လ်ဒိုဦးဆောင်တဲ့ ပေါ်တူဂီအသင်းကို ရှုံးနိမ့်ကာ ချန်ပီယံဆုကို လက်တစ်ကမ်းအလိုရောက်မှ လက်လွှတ်ခဲ့ရပါတယ်။ ယူရိုဖလားပြိုင်ပွဲပြီးဆုံးတာ ခြောက်လနီးပါးရှိနေပြီဖြစ်ပေမယ့် ပါယက်ကတော့ စီရိုနယ်လ်ဒိုရဲ့ နာမည်ကြားရင် ဒီအရှုံးကို အသစ်တစ်ဖန်ပြန်လည် ခံစားရတာကြောင့် သူ့ရှေ့မှာ စီရိုနယ်လ်ဒိုအကြောင်း လုံးဝမပြောဖို့ တားမြစ်ထားတာဖြစ်တာဖြစ်တယ်လို့ ပြောပါတယ်။

ပါယက် “သူတို့(ကျွန်တော့်ရဲ့ ကလေး)တွေက မက်ဆီ၊ ရိုနယ်လ်ဒိုတို့ကို တအားကြိုက်တဲ့သူတွေပါ။ သူတို့လို အောင်ပွဲခံတာတွေ၊ ပြောတာတွေ၊ အပြုအမူတွေကို အတုယူတတ်ကြသလို ကလေးတွေရဲ့ မျက်လုံးထဲမှာ ဒီကစားသမားတွေကို ချစ်ခင်နှစ်သက်မှု အပြည့်ရှိတာတွေကို မြင်တွေ့နေရပါတယ်။ ဒါပေမယ့် သူတို့လေးတွေ ယူရို ၂၀၁၆ ပြိုင်ပွဲပြီးကတည်းက ရိုနယ်လ်ဒိုရဲ့ နာမည်ကိုပြောဖို့ အခွင့်အရေးမရတော့ပါဘူး” လို့ ဆိုခဲ့တာဖြစ်ပါတယ်။

**မေလှဲ့သင်း – စုစည်းတင်ပြသည်**

# အိန္ဒိယနိုင်ငံထုတ်ဆိုင်ကယ်မိတ်ဆက်ပွဲနှင့် ဆိုင်ကယ်စတန့်ကျွမ်းကျင်သူများ စွမ်းရည်ပြစီးနင်း

**မန္တလေး ဒီဇင်ဘာ ၂၀**
ဆိုင်ကယ်အမျိုးအစားအသစ်စွမ်းဆောင်ရည်မြင့် TVS Apache RTR 200 မိတ်ဆက်ပွဲနှင့် ဆိုင်ကယ်စတန့်ကျွမ်းကျင်သူများ စွမ်းရည်ပြစီးနင်းခြင်းကို ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာနိုဘယ်ဟိုတယ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အိန္ဒိယနိုင်ငံ TVS Motor မှ ဈေးကွက်မန်နေဂျာက ကမ္ဘာ့နိုင်ငံ ၆၀ တွင် ဆိုင်ကယ်အရောင်းဆိုင် ၄၀၀၀ ကျော်ဖွင့်လှစ်ထားမှုနှင့် စွမ်းဆောင်ရည်မြင့်နည်းပညာများဖြင့် အရည်အသွေးရှိဆိုင်ကယ်များ ထုတ်လုပ်နေမှုကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် TVS Apache RTR 200 ဆိုင်ကယ်များဖြင့် အင်ဒိုနီးရှား၊ အိန္ဒိယ၊ မြန်မာနိုင်ငံမှ စတန့်ကျွမ်းကျင်သူများက စွမ်းရည်ပြဆိုင်ကယ်စတန့်စီးနင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါပွဲသို့ မန္တလေးမြို့ရုံးစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် ဒေါက်တာနာရာလ်ကူးမား၊ အမှတ် (၉၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးခင်ဟန်နှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ ဆိုင်ကယ်အရောင်းကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်ပြီးနောက် အိမ်နီးချင်း တရုတ်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများမှ ဆိုင်ကယ်များ ဈေးကွက်အတွင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့်ဝင်ရောက်လာခဲ့သည်။ ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ဂျပန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှထုတ်လုပ်သော အမျိုးသားစီးဆိုင်ကယ်များ မြန်မာနိုင်ငံဈေးကွက်အတွင်း ရောက်ရှိလာခဲ့သည်။

အလားတူ အိမ်နီးချင်းအိန္ဒိယနိုင်ငံမှ ဆိုင်ကယ်ထုတ်လုပ်သည့် အကြီးဆုံးကုမ္ပဏီတစ်ခုဖြစ်သော TVS Motor ကုမ္ပဏီနှင့် Agrocorp International တို့ပူးပေါင်း၍ စွမ်းဆောင်ရည်မြင့် အရည်အသွေးရှိ TVS ဆိုင်ကယ်များ မြန်မာနိုင်ငံဈေးကွက်သို့ တင်သွင်းရောင်းချလာခဲ့သည်။ ထိုင်း၊ ဂျပန်ဆိုင်ကယ်များထက် ဈေးနှုန်းသက်သာပြီး စက်သုံးဆီအမျိုးအစားမရွေး အသုံးပြုနိုင်သဖြင့် လူကြိုက်များလာကြောင်း သိရသည်။ **မောင်ပြည်သူ**



## လူကုန်ကူးမှုတားဆီးရေး နှင့် လူငယ်များ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးရေးသင်တန်းဖွင့်



**တောင်ငူ ဒီဇင်ဘာ ၂၀**
မြန်မာနိုင်ငံစာကြည့်တိုက်များအသင်းနှင့် The Asia Foundation၊ ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးရေးနှင့် လူငယ်များကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံးခန်းမတွင် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ညွန့်သူဇာမြင့်က အဖွင့်အမှာစကားပြောကြားပြီး The Asia Foundation၊ Program and Opreation Officer ဒေါ်မီကီကျော်မြင့်က Asia Foundation ဖြစ်ပေါ်လာပုံနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အဝင်းက စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများပြောင်းလဲလာသော အခန်းကဏ္ဍနှင့် ပတ်သက်သည်များကိုလည်းကောင်း အသီးသီးပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ တောင်ငူ၊ မြင်းခြံ၊ တောင်ကြီးနှင့် ကျိုင်းတုံမြို့များမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၉ ရက်မှ ၂၃ ရက် အထိ ငါးရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **တောင်ငူခရိုင်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူ

**ရန်ကုန် ဒီဇင်ဘာ ၂၀**
(၄၂) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်တွေခရိုင် ကမန်တိုင်းရင်းသား သာရေး၊ နာရေး၊ လူမှုရေးအသင်းကကြီးမှူးသည့် စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာဒုတိယပတ်က ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် ကျင်းပခဲ့သည်။

သွေးလှူဒါန်းပွဲတွင် ကမန်တိုင်းရင်းသားလူမှုရေးအသင်းမှ အသင်းဝင်များအပါအဝင် စုစုပေါင်းသွေးလှူရှင် ၃၀ တို့က သွေးလှူဒါန်းခဲ့ပြီး အဆိုပါအသင်းကြီး၏ ပထမဆုံးအကြိမ် စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း သောက်ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**လားရှိုး ဒီဇင်ဘာ ၂၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် သောက်ရေသန့်လုပ်ငန်းလုပ်ကိုင်လျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များလုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းရှင်များနှင့် ဒီဇင်ဘာဒုတိယပတ်အတွင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်သူဇာထူးက သောက်ရေသန့်လုပ်ငန်းလုပ်ကိုင်နေသူများအနေဖြင့် FDA ထောက်ခံချက်များပြုလုပ်ကြရန်နှင့် FDA ထောက်ခံချက်မရှိသည့် သောက်ရေသန့်လုပ်ငန်းရှင်များအား အရေးယူဆောင်ရွက်သွားမည့်အကြောင်းများကို ပြောကြားခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနမှ ဦးဇော်မင်းသန်းက စားသုံးသူရေးရာဦးစီးဌာန၏လက်ရှိဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ ဆောင်ရွက်ရမည့်အချက်များ၊ သောက်ရေသန့်လုပ်ငန်းလုပ်ကိုင်ရာတွင်ရှိရမည့် လိုင်စင်/ထောက်ခံချက်များ၊ သောက်ရေသန့်ဘူးပေါ်တွင် ရိုက်နှိပ်ဖော်ပြထားရမည့်အချက်များ၊ ဖောက်ဖျက်ကျူးလွန်ပါက အရေးယူဆောင်ရွက်သွားမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားပေးခဲ့သည်။

ယင်းနောက် စည်ပင်သာယာရေးဌာနမှ ဦးမြတ်သူကလည်းခွင့်ပြုချက်၊ လိုင်စင်၊ ထောက်ခံချက်များမရှိဘဲ ထုတ်လုပ်ရောင်းချပါကစည်ပင်သာယာရေးဥပဒေအရအရေးယူဆောင်ရွက်နိုင်သည့် ပြစ်ဒဏ်များကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးအောင်နိုင်ဦးက ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ပြုလုပ်ရန်လိုအပ်သည့် စက်မှုလုပ်ငန်းအမျိုးအစားများအကြောင်း၊ ပြုလုပ်ရန်ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်နိုင်သည့်နည်းလမ်းများ၊ ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာပိုင်စိုးမိုးက သောက်ရေသန့်လုပ်ငန်းလုပ်ကိုင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ FDA ထောက်ခံချက်ပြုလုပ်ရာ၌ ပါဝင်ရမည့်အချက်များကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနစသည့် ဌာနဆိုင်ရာများမှတာဝန်ခံများနှင့် သောက်ရေသန့်လုပ်ငန်းလုပ်ကိုင်နေသူများ၊ လုပ်ကိုင်ရန်ဆန္ဒရှိသူများနှင့် လေ့လာလိုသူများစုစုပေါင်း ၄၇ ဦးခန့် တက်ရောက်ဆွေးနွေးခဲ့သည်။ **အောင်ကျော်မြင့်**

## ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေး

**မော်လမြိုင် ဒီဇင်ဘာ ၂၀**
မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် အသိပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် ကူးစက်ရောဂါကာကွယ်ဆေး ၁၀ မျိုးရှိပြီး ကမ္ဘာပေါ်တွင် ဧရိယာလွှမ်းခြုံမှု၊ လူဦးရေလွှမ်းခြုံမှုတို့ထက် ကာကွယ်ဆေးလွှမ်းခြုံမှုရှိစေရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာဇော်မင်းထွန်းက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အသိပညာပေးဆွေးနွေးမှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားပေးခဲ့သည်။

ကျေးရွာလူထုများအနေဖြင့် ကာကွယ်ဆေး၏ အကျိုးအာနိသင်များကိုသိရှိကာ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများမှ ဖြစ်ပွား၊ သေဆုံးမှုလျော့နည်းပပျောက်စေရန်၊ ငါးနှစ်အောက်ကလေးသေဆုံးနှုန်းကိုလျော့ချရန်၊ နေရာဒေသမရွေး ကလေးအားလုံး အခွင့်အရေးတန်းတူညီမျှ ကာကွယ်ဆေးရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးတစ်ဦးအတွက် ကာကွယ်ဆေးထိုးနှံမှုမှာ အမေရိကန်ဒေါ်လာ ၅၀ ကုန်ကျပြီး နိုင်ငံတော်အနေဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံရာတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းအဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့် ရင်းနှီးမြှုပ်နှံထားပြီး ပြည်သူများကို ထိုးနှံပေးမည်ဖြစ်သည်။ **ပြည်နယ်(ပြန်/ဆက်)**

## မိုင်းဆတ်၌ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်

**မိုင်းဆတ် ဒီဇင်ဘာ ၂၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်လျက်ရှိကြောင်း သိရသည်။

"ရှမ်းပြည်နယ်အစိုးရအဖွဲ့ကထောက်ပံ့တဲ့ (200)KVA ထရန်စဖော်မာသုံးလုံးနဲ့ (160)KVA ထရန်စဖော်မာတစ်လုံး စုစုပေါင်းလေးလုံးကို မြို့သစ်၊ မယ်ဆတ်၊ ဝမ်ဟုန်းနဲ့ နောင်ဘိုရွာမှာ ကျွန်တော်တို့ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနဲ့ ဦးကြည်သိန်းမိသားစုကုမ္ပဏီက တပ်ဆင်နေတာပါ။ ဒီဇင်ဘာလကုန် အပြီးတပ်ဆင်သွားမှာပါ" ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသိန်းဇော်ထွန်းက ပြောသည်။

မိုင်းဆတ်မြို့အား မယ်ပန်ရေအားလျှပ်စစ်မှ ၆၀၀ ကီလိုဝပ် စက်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေပြီး မီးသုံးစွဲသည့်ပမာဏမှာ ၁၄၀၀ ကီလိုဝပ်ရှိ၍ လေးရက်ခြားတစ်ခါ မီးသုံးစွဲမှုများသည့် နံနက် ၅ နာရီမှ ၈ နာရီနှင့် ညနေ ၅ နာရီမှ ၈ နာရီအတွင်း အလှည့်ကျမီးဖြတ်သည့်စနစ်ဖြင့် ဆောင်ရွက်နေရကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**



## ပုသိမ်ခရိုင်အတွင်းရှိမြို့နယ်များမှ အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးဝင်းမြင့်သည် ပုသိမ်ခရိုင် တရားသူကြီး ဦးလှဝင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပုသိမ်နယ်မြေရဲစခန်း ၊ ကန်ကြီးထောင့်မြို့မရဲစခန်း ၊ ကျောင်းကုန်းမြို့မ ရဲစခန်း တို့ရှိ အချုပ်ခန်းများအား ဒီဇင်ဘာ ၁၆ ရက်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တရားသူကြီး ဦးဝင်းမြင့်က အဆိုပါ အချုပ်ခန်းများရှိ အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများ ရရှိမှု ရှိမရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး ၊ ကျန်းမာရေးအခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အချုပ်ခန်းတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## ရပ်ရွာအခြေပြုအခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၂၀**

ပဲခူးမြို့ ကြခတ်တောရကျောင်းဆရာတော်နှင့် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ ရပ်ရွာအခြေပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့သစ်(၇)ရပ်ကွက် ကြခတ်တောရကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ကြခတ်တောရဆရာတော်က ဩဝါဒစကားမိန့်ကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသုတက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါရပ်ရွာအခြေပြု အခြေခံစက်ချုပ်သင်တန်းကို ဒီဇင်ဘာ ၁၉ ရက်မှ ဇန်နဝါရီ ၁၇ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပြီး တောင်ငူမြို့ အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းမှ ဆရာမ ဒေါ်ဝင်းမြတ်စိုးက ဦးဆောင်၍ အမျိုးသမီးဝတ်အင်္ကျီချုပ်နည်းအခြေခံလေးမျိုးသင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းသား ၆၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ခရီးသွားရာသီတွင်မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှုများပြား

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မန္တလေး ဘန်ကောက်-ရန်ကုန်ခရီးစဉ်၊ မန္တလေးဟောင်ကောင်လေယာဉ်ခရီးစဉ်များ တိုးချဲ့ပြေးဆွဲလာသဖြင့် ခရီးသွားရာသီ ဒီဇင်ဘာလတွင် မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသည်လာရောက်လည်ပတ်မှုများပြားလာကြောင်း သိရသည်။



မန္တလေးမြို့သို့နယ်စပ်ဝင်ပေါက်များမှ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် လာရောက်လည်ပတ်မှုများလည်း များပြားလာလျက်ရှိသည်။

မန္တလေးမြို့သို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာအထိကမ္ဘာလှည့်ခရီးသည် ၁၆၄၅၂၀ ဦးလာရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလ အထိ ၂၆၁၁၄၅ ဦးလာရောက်ခဲ့သည်။

အိမ်နီးချင်း တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ စင်ကာပူ၊ ဗီယက်နမ်တို့မှ အများဆုံးဖြစ်ပြီး ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဗြိတိန်၊ အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီနိုင်ငံတို့မှလည်း လာရောက်ခဲ့သည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာလတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးယဉ်ကျေးမှုဇုန်၊ ပုဂံညောင်ဦး ယဉ်ကျေးမှုဇုန်၊ အင်းဝယဉ်ကျေးမှုနယ်မြေနှင့် ပြင်ဦးလွင်မြို့များသို့ ကမ္ဘာလှည့်ခရီးသည် ၃၀၈၅၉၇ ဦးလာရောက်လည်ပတ်ခဲ့သည်။ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုအဆင်ပြေစေရေးအတွက် e-visa စနစ်ဖြင့် စက်တင်ဘာ ၁ ရက်မှစတင်ပြီး နယ်စပ်ဝင်ပေါက်များမှလည်း ဝင်ခွင့်ပြုခဲ့သည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်း ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်မှစတင်ပြီး အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံ ၄၀ ကျော်အား အွန်လိုင်းမှတစ်ဆင့် ဗီဇာဆောင်ရွက်ကာ ဝင်ခွင့်ပြုခဲ့သည်။ ၂၀၁၆ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးသို့ ကမ္ဘာလှည့်ခရီးသည် လေးသိန်းကျော်လာရောက်လည်ပတ်မည်ဟု ခန့်မှန်းထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မန္တလေးသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားများသည် ဟိုတယ်များမှ စက်ဘီး၊ ဆိုင်ကယ်များငှားရမ်း၍ ကိုယ်တိုင်စီးပြီးလည် ပတ်ခြင်း၊ ဆိုက်ကားများစီးပြီး မြို့တွင်းလည်ပတ်ခြင်းများကို ပိုမိုနှစ်သက်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မကွေးတိုင်းဒေသကြီး၌ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးဆောင်ရွက်

**မကွေး ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ၏ ပို့ကုန်မဟာဗျူဟာ National Export Strategy (NES) အရ ရွေးချယ်ထားသော လုပ်ငန်းခုနစ်မျိုးတွင် ပါဝင်သည့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးအတွက် လုပ်ငန်းစဉ်များတွင်ပါဝင်သည့် သန့်ရှင်းရေးနှင့် မှတ်တမ်းပြုစုရေးဆိုင်ရာလိုက်နာကျင့်သုံးရမည့် နည်းလမ်းများအား ဆွေးနွေးခြင်း၊ လက်တွေ့သင်တန်းပို့ချခြင်းများကို မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“NES လုပ်ငန်းစီမံချက်ရဲ့ရည်ရွယ်ချက်က ဆီထွက်သီးနှံကဏ္ဍမှာ အစားအစာလုံခြုံစိတ်ချရမှု တိုးတက်ရေးနဲ့ အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးအစီအမံတွေ ( Sanitary and Phytosanitary) SPS ကို လိုက်နာဆောင်ရွက်ဖို့ ၊ အဲဒီကနေ GAP စိုက်ပျိုးထုတ်လုပ်မှုကျင့်စဉ်ကောင်းတွေတိုးပွားလာစေဖို့၊ ဒီအကျိုးဆက်တွေအဖြစ် ဆီထွက်သီးနှံကဏ္ဍမှာ ပါဝင်ပတ်သက်နေတဲ့ လုပ်ငန်းတွေ၊ လုပ်ငန်းလုပ်ကိုင်သူတွေအားလုံး ဝင်ငွေတိုးတက်လာစေဖို့ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း မကွေးမှာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ လက်တွေ့သင်တန်းပေးတာတွေ လုပ်ဆောင်နေပါတယ်” ဟု မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စွာဝင်းက ပြောသည်။

သုံးနှစ်တာကာလအတွင်းရှိ NES လုပ်ငန်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းကြီးကြပ်မှုကော်မတီ၊ အထောက်အကူပြုကော်မတီတို့ကို ဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့အစည်း၌ စီးပွား/ကူးသန်း၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေးနှင့်အားကစား၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနများ၊ ကုန်စည်ဒိုင်များ၊ ကုန်သည်စက်မှုအသင်းနှင့် ညီနောင်အသင်းများ ပါဝင်ကြောင်း သိရသည်။

သန့်ရှင်းရေးနှင့်မှတ်တမ်းပြုစုရေးဆိုင်ရာ လိုက်နာကျင့်သုံးရမည့် နည်းလမ်းများနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ဒီဇင်ဘာ ၉ ရက်က ဌာနတွင် ပြုလုပ်ခဲ့ပြီး မကွေးမြို့ မြင့်မြတ်တော်ဝင်ပွဲရုံနှင့် အောင်လံမြို့ လပြည့်ဝင်းပွဲရုံတို့တွင် NES စီမံကိန်းတာဝန်ရှိသူများဖြင့် လက်တွေ့သင်တန်းများ ပို့ချခဲ့ပြီးဖြစ်သည်။

**ဇေယျာတု(မကွေး)**

## ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စွမ်းရည်မြှင့်မားရေးသင်တန်းဖွင့်

**ပုလဲ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၈ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စွမ်းရည်မြှင့်မားရေးသင်တန်း အမှတ်စဉ်(၂/၂၀၁၆)ဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ခေါင်းဆောင်မှုစွမ်းရည်နှင့် လူထုစည်းရုံးခြင်း စွမ်းရည်အပါအဝင် ဘာသာရပ် လေးမျိုး၊ မူခင်းကြိုတင် ကာကွယ်တားဆီးရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ၊ နည်းပဒေ၊ ရာသီအလိုက်သီးနှံစိုက်ပျိုးမှုဆိုင်ရာကိစ္စရပ်များ၊ လယ်ယာမြေအသုံးချခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ဆည်နှင့် တာတမံထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆိုင်ရာ ကိစ္စရပ်များ၊ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ် ကိုက်ညီစေရေးနှင့် လူထုဟောပြောနည်း ဘာသာရပ်၊ စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်း ဆိုင်ရာလုပ်ငန်းတာဝန်များစသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ ပို့ချဆွေးနွေးပေးသွားမည် ဖြစ်သည်။

အဆိုပါ သင်တန်းသို့ ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၁ ဦးနှင့် စာရေးဝန်ထမ်း ၆၁ ဦး စုစုပေါင်း ၁၂၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## သကြားစက်ရုံသို့ ကြံအငှားတိုက်လိုက်သည့် လှည်းသမားများ တစ်ရက်လျှင် ငွေကျပ်တစ်သောင်းကျော်ဝင်ငွေရ



**ရေတာရှည် ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာမှ တောင်သူများသည် ယင်းကျေးရွာနှင့် နှစ်မိုင်ခန့်ဝေးသော အမှတ်(၆)ရေတာရှည် သကြားစက်ရုံသို့ ကြံအငှားတိုက်သူများအနေဖြင့် တစ်ရက်လျှင် တစ်သောင်းကျပ်နှင့်အထက်ဝင်ငွေရရှိကြောင်း သိရသည်။

“ကျွန်တော်တို့လှည်းတိုက်ခက ကြံတစ်တန်ကို တစ်သောင်းရပါတယ်။ တစ်ရက်ကိုတစ်ခေါက်ပဲ တစ်တန်ကျော်ကျော်တင်နိုင်တယ်” ဟု အေးသာယာကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ကြံတောင်သူအချို့မှာ စက်ရုံမှစေလွှတ်သည့် ကုန်တင်ယာဉ်များနှင့် တင်ပို့ရောင်းချလျက်ရှိသော်လည်း လှည်းဖြင့်တိုက်ရိုက်ချသည်က အချိန်တိုအတွင်းရောင်းချနိုင်သည့်အတွက် ယခုကဲ့သို့ လှည်းသမားများ တွက်ခြေကိုက်နေကြခြင်းဖြစ်ကြောင်း ကြံတောင်သူ ဒေါ်ခင်စန်းမြင့်က ပြောသည်။

“ကားနဲ့ချတော့ ကတ္တားချိန်ဖို့ စောင့်ရတာရှိတယ်။ လှည်းနဲ့ဆို ရောက်တန်းချိန်ရုံပဲ နေမပူတော့ဘူးပေါ့။ ဒီကနေ့ လှည်းကိုးစီးငှားပြီး စက်ရုံကို ကြံသွားချခိုင်းတယ်” ဟု ၎င်းကပင် ဆက်၍ပြောကြားသည်။

ကျေးလက်ဒေသအတော်များများတွင် ထော်လာဂျီ၊ သုံးဘီးယာဉ်များကို အများဆုံးတွေ့ရှိရကာ လှည်းအသုံးပြုမှုမှာ ယခင်ကထက်နည်းပါးသွားပြီဖြစ်ပြီး ကျွဲ/နွားနှင့်လှည်းရှိသူများမှာ ယခုနှစ်ကြံရာသီကာလအတွင်း ဝင်ငွေကောင်းမွန်လျက်ရှိ၍ လှည်းတိုက်အငှားလိုက်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မြစ်ကြီးနား ဒီဇင်ဘာ ၂၀**

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းမပေါ်တွင် ပြည်နယ်နှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတို့ဖြင့် ခရိုင်လမ်းဦးစီးဌာနမှ အဖွဲ့နှစ်ဖွဲ့၊ လမ်းအထူးအဖွဲ့နှစ်ဖွဲ့၊ တံတားအထူးအဖွဲ့တစ်ဖွဲ့တို့နှင့် လုပ်ငန်းတင်ဒါရကုမ္ပဏီများ၏ မြစ်ကြီးနားခရိုင်အတွင်းရှိ လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ လမ်းအထူးအဖွဲ့ ရှင်းလင်းဆောင်၌ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းကို ပြည်နယ်နှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းမြင့်က ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်နံရံချဲ့ခြင်းလုပ်ငန်းများ၊ ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းများနှင့် အရှည်ပေ ၂၆၀ ရှိ သံကူကွန်ကရစ် အင်စွပ်တံတား ကမ်းကပ်ခုံ ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ တောင်နံရံချဲ့၍ အမာခံလမ်းခင်းခြင်းလုပ်ငန်းများနှင့် ကျောက်စီရေမြောင်းများပြုလုပ်ခြင်း စသည့်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အပိုင်းလိုက်ဆောင်ရွက်သွားမည့်ဖြစ်သည့်အပြင် တံတားအစင်း ၂၀ ချဲ့ခြင်း၊ ပေ ၅၀ အောက်တံတား ၇၃ စင်း၊ ပေ ၁၀၀ အထက် တံတားတစ်စင်း၊ ပေ ၁၈၀ အထက် တံတားတစ်စင်းတို့အား အဆင့်မြှင့်တင်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှ သိရသည်။ **ပြည်နယ်ပြန်/ဆက်**





## မကွေးတိုင်းဒေသကြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သူများ အားလုံးပါဝင်သော တိုင်းဒေသကြီး ဖွံ့ဖြိုးရေး ဖိုရမ် ကျင်းပ

**မကွေး ဒီဇင်ဘာ ၂၀**

မကွေးမြို့ နန်းထိုက်သူဟိုတယ်ခန်းမ၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သူများအားလုံးပါဝင်သော တိုင်းဒေသကြီး ဖွံ့ဖြိုးရေး ဖိုရမ် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲ၌ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များ ရေးဆွဲနိုင်ရန် လိုအပ်သည့် အကြံပြုချက်များ၊ ဖြေရှင်းနည်းများရရှိရန် လက်ရှိအခြေအနေနှင့် အတွေ့အကြုံတွေ့မှုတည်ပြီး ဆွေးနွေးသောပွဲဖြစ်သည်ဟုပြောသည်။

ဆက်လက်၍ ယခင်ခေတ်ကာလများက ပြည်ထောင်စုကချပေးသော လုပ်ငန်းစဉ်များကိုသာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရသော အလေ့အထမှ ယခုအခါ ပြည်ထောင်စုနိုင်ငံတော်၏ ရည်မှန်းချက်များကို ဒီမိုကရေစီလမ်းစဉ်နှင့်အညီ တိုင်းဒေသကြီးအဆင့် ဦးစားပေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ယခုလို ဆွေးနွေးပွဲများသည် ပထမခြေလှမ်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက် နှစ်ရက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို သဒ္ဒါပေါင်းစုအဖွဲ့မှ ဦးဆောင်ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ စည်းရုံးရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်း စီမံခန့်ခွဲမှုနှင့် မူဝါဒပြုပြင်ပြောင်းလဲခြင်းနှင့် သက်ဆိုင်သော ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၁၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ရေအသုံးချမှု စီမံခန့်ခွဲရေးဌာနမှ စိုက်ပျိုးရေကို အထောက်အကူ ဖြစ်စေမည့် မြေအောက်ရေတွင်း များတူးဖော်ပေး

**မုံရွာ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိသော ခရိုင်သုံးခုရှိ မြို့နယ်များတွင် စိုက်ပျိုးရေများ လုံလောက်စွာ စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြေအောက်ရေကို တွင်းနက်၊ တွင်းတိမ်တွင်းများ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော စိုက်ပျိုးရေကို ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိသော နေရာများရှိ ရေမြောင်းအဖျားဘက်သို့ ကျရောက်လျက်ရှိသည့် စိုက်ပျိုးမြေများ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် ဘဏ္ဍာနှစ်အလိုက် တွင်းနက်များနှင့် တွင်းတိမ်များကို ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေနှင့် သက်ဆိုင်ရာကျေးရွာများ၊ အလှူရှင်များ၏ ရန်ပုံငွေများဖြင့် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တူးဖော်ပေးခြင်းဖြစ်ကြောင်းသိရသည်။

"မြေအောက်ရေကို ဆည်ရေကို အားကိုးပြီး စိုက်ပျိုးနေတဲ့ မြို့နယ်တွေက ရေလွှတ်တဲ့မြောင်းတွေရဲ့ အဖျားပိုင်းကို ကျရောက်နေတဲ့ ကျေးရွာတွေက လယ်တွေနဲ့ အခြားသီးနှံစိုက်ခင်းတွေ စတင်စိုက်ပျိုးချိန်နဲ့ အောင်ရေသွင်းချိန် စိုက်ပျိုးရေလုံလောက်စွာရရှိစေဖို့ လိုအပ်တဲ့နေရာတွေမှာ ပေ ၁၀၀ အနက်ရှိတဲ့ တွင်းတိမ်တွေ၊ ပေ ၅၀၀ ကနေ ပေ ၁၀၀၀ အထိနက်တဲ့ တွင်းနက်တွေကို တူးဖော်ပေးတာပါ။ တွင်းနက်တွေကိုတော့ ဌာနကပညာရှင်တွေက လုပ်ဆောင်တာပါ၊ တွင်းတိမ်တွေကိုတော့ တင်ဒါခေါ်ယူပြီး တူးဖော်သွားမှာပါ။ အခု အခြေအနေမှာတော့ တွင်းနက်နှစ်တွင်းတူးဖော်ပြီးပါပြီ၊ တွင်းတိမ်တွေအတွက်ကတော့ တင်ဒါခေါ်ယူဆဲပါ၊ ကုန်ကျငွေကိုတော့ ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေနဲ့ တူးဖော်မှာပါ၊ တချို့တွင်းတွေကိုတော့ ဌာနက စက်ယန္တရားနဲ့ ပညာရှင်တွေကူညီပြီး သက်ဆိုင်ရာဒေသက အလှူရှင်၊ ရန်ပုံငွေတွေနဲ့ တူးဖော်မယ့် တွင်းတွေလည်းပါတယ်" ဟု တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေနှင့် သက်ဆိုင်ရာရန်ပုံငွေများဖြင့် မြေအောက်ရေ တူးဖော်ပေးမည့် တွင်းနက်များအား ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်အတွင်းရှိ ကော့ရွာ၊ တည်ပင်၊ ဘုတ်ကုန်းကျေးရွာ၊ ဒီပဲယင်းမြို့နယ်အတွင်းရှိ နဂါးတွင်းကျေးရွာတို့တွင်လည်းကောင်း၊ မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ ချမ်းသာကုန်း၊ ဆင်တလည်ကျေးရွာ၊ ဘုတလင် မြို့နယ်အတွင်းရှိ တွင်းတော်ကျေးရွာတို့တွင် စုစုပေါင်းတွင်းနက် ကိုးတွင်းအား တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှလည်းကောင်း၊ ရွှေဘိုခရိုင်၊ ကလေးခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် တွင်းတိမ် ၁၄၁ တွင်းအား တင်ဒါခေါ်ယူသွားမည် ဖြစ်ကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေပေးအပ်

**သန်လျင် ဒီဇင်ဘာ ၂၀**

မြစိမ်းရောင်ကျေးရွာများအနက် ငပကျေးရွာသည် စီမံကိန်း အတိုးရငွေကျပ် ၁၀၅ သိန်းကျော်ရရှိသဖြင့် အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းအား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဒီဇင်ဘာ ၁၃ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## သက်ငယ်မုဒိမ်းမှု မဖြစ်ပွားရေးပညာပေးဟောပြော

**ကော့သောင်း ဒီဇင်ဘာ ၂၀**

ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့မှ ရပ်ကွက်ပြည်သူများ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၆ ရက် ညပိုင်းက ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်၌ ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းညွန့်၊ မြို့မရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်အေးကြိုင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများက ယနေ့ နိုင်ငံနှင့်အဝှမ်းဖြစ်ပွားလျက်ရှိသည့် အရွယ်မရောက်သေးသည့် ကလေးငယ်များအား အဓမ္မပြုကျင့်ခံရမှုဖြစ်စဉ်များ၊ ကလေးခိုးယူမှုနှင့်လူကုန်ကူးမှုဖြစ်စဉ်များ မိမိတို့ မြို့နယ်အတွင်း မဖြစ်ပွားရေး မိဘများ မိမိတို့၏ သားသမီးများအား ထိန်းသိမ်းရာတွင် သတိပြုဆင်ခြင်ရမည့် ကိစ္စများ၊ အရွယ်မရောက်သေးသည့် သမီးမိန်းကလေးများ သွားလာနေထိုင်မှုဖြစ်စဉ်များတွင် မိဘအုပ်ထိန်းသူများ အထူးကြပ်မတ်ရမည့်သတိပြုဖွယ်ရာများ၊ လူစည်ကားရာနေရာနှင့် လူပြတ်လပ်ရာ နေရာများသို့ အချိန်မတော်သွားလာရာတွင် ဆောင်ရွက်သင့်သည့်သိဖွယ်ရာများ၊ မသမာသူများ၏ အန္တရာယ်ကြုံတွေ့ရပါက ရဲတပ်ဖွဲ့၏ အကူအညီ ဆောလျင်စွာရရှိနိုင်ရေး ဆက်သွယ်ချိတ်ဆက်နိုင်မည့်နည်းလမ်းများနှင့် အခြားသတိပြုဖွယ်များအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

## အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများနှင့် အမှိုက်လျှော့ချမှုနည်းလမ်းကောင်းများ ပညာပေးဟောပြော

**လမ်းမတော် ဒီဇင်ဘာ ၂၀**

ပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့် သန့်ရှင်းရေးဌာန ခေတ္တဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်၊ လက်ထောက်ဌာနမှူး ဒေါက်တာခင်နှင်းအေး၊ အနောက်ပိုင်းခရိုင်မှူး ဦးအောင်ထိုက်နှင့် လမ်းမတော်မြို့နယ် သန့်ရှင်းရေးတာဝန်ခံ ဦးအောင်ကျော်ဦးတို့သည် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက လမ်းမတော် အ-ထ-က (၁) (စိန့်ဂျွန်း) ကျောင်း၌ အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများ၊ အမှိုက်လျှော့ချမှု နည်းလမ်းကောင်းများ ပညာပေးဟော ပြောခဲ့ကြသည်။

